# တင်နိုင်တိုး

# ရာဇဝင်ထဲက အကြောင်းမှားစရာများ



## ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ၊ စည်းကမ်းရှိမှ တိုးတက်မည်၊
စည်းကမ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သပ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၇၂၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၆၄၀၅၀၈

| | | |
|---|---|---|
| မျက်နှာဖုံးနှင့် အတွင်းပန်းချီ | - | ဆြာလင်း |
| မျက်နှာဖုံးဒီဇိုင်း | - | အမွန်ဦး |
| ကွန်ပျူတာစာစီ | - | ပုံရိပ် ကွန်ပျူတာ (ဘားလမ်း) |
| ထုတ်ဝေသူ | - | ဦးကျော်ဟင်း<br>ယုံကြည်ချက်စာပေ<br>အမှတ် - ၁၁၁၊ ၃၃ လမ်း<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးသောင်းကြည်<br>တိုးတက်အောင်အော့ဖ်ဆက်<br>အမှတ် - ၅၆၊ ပဲခူးကလပ်၊<br>ပြည်လမ်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်<br>၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၇၅၀ ကျပ် |

# တင်နိုင်တိုး

# ရာဇဝင်ထဲက အငြင်းပွားစရာများ

ဖူးပွင့်မလျှိုင် စာပေတိုက်

စာစဉ် (၂)



**ရန်ကုန်မြို့ကို အလောင်းမင်းတရား စတင်တည်ထောင်ခဲ့တာလို့ သိရပါတယ်။ ရန်ကုန်မြို့က ကမာရွတ်၊ စမ်းချောင်း၊ ဘားမြေ၊ အောက်ထော်၊ ပုဇွန်တောင် စတဲ့မြို့နယ်တွေ၊ ရပ်ကွက်တွေ နာမည်က ဘယ်လိုဖြစ်ပေါ် လာတာလဲ။**

ရန်ကုန်မြို့ကို အလောင်းမင်းတရားက ၂-၅-၁၇၅၅ ခုနှစ်မှာ စတင် တည်ထောင်ခဲ့ပါတယ်။ အလောင်းမင်းတရား မြို့မတည်မီ ကာလကတော့ ဒဂုန် မြို့ဟောင်းအသွင် မြို့နယ် ငါးပါင်းတွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။ အခု ရန်ကုန်မြို့တွင်း မှာရှိတဲ့ မြို့နယ်အများစုကတော့ ရှေးမွန်အမည်နဲ့ ရှိခဲ့ဖူးတဲ့ ကျေးရွာတွေ များပါတယ်။ အဲဒီတုန်းက အလောင်းမင်းတရားရဲ့ ရန်ကုန်မြို့က နှစ်မိုင်ပတ်လည်လောက်ပဲ ရှိလေတော့ အခု မြို့နယ် တော်တော်များများဟာ မြို့ပြင်မှာပဲ ရှိခဲ့ပါတယ်။ အလောင်းမင်းတရားရဲ့ ရန်ကုန်ဟာ ဒီနေ့ခေတ်အမှတ်အသား နဲ့ဆိုရင် အရှေ့ဘက်မှာ ကုန်သည်လမ်းနဲ့ သိမ်ဖြူလမ်းဆုံ၊ အနောက်ဘက်မှာ လမ်း(၃၀)ထိ၊ တောင်ဘက်မှာ ရန်ကုန်မြစ်၊ မြောက်ဘက်မှာ ဆူးလေဘုရားတို့ဖြစ်ပါတယ်။

ထင်ရှားတဲ့ ရန်ကုန်ဝန်းကျင်ဒေသတွေက-

**ကမာရွတ်** – မွန်ဘာသာအမည် ကမာရွတ်မှာ "ကမာ" ဆိုတာ ရေကန်၊ ရွတ်ဆိုတာ ရတနာဖြစ်ပါတယ်။ ဒါကြောင့် ရတနာကန် လို့အဓိပ္ပာယ်ရပါတယ်။ အင်းလျားကန်ကြီးကို ရှေးက ကမာရွတ် လို့ခေါ်ကြတာပါ။

**ကျောက်တံတား** – ကုန်းဘောင်ခေတ်ဦးကာလ ဆူးလေဘုရားဝန်းကျင်က ရေပတ်လည် ဝိုင်းနေတဲ့ ကျွန်းကြီးဖြစ်ပါတယ်။ အဲဒီ အနီးအနားမှာ ဘုရားဘက်ကို ကူးသွားနိုင်တဲ့ ကျောက်တံတား ကြီးတစ်ခုရှိခဲ့ဖူးရာက ဒီအမည်ပေါ်ပေါက်လာတာပါ။

**ကြည့်မြင်တိုင်** – မွန်ဘာသာအမည် ကမန်ဋိုင်က ဆင်းသက်လာတာပါ။ မြို့နိုးရှိတဲ့ မြို့လို့ အဓိပ္ပာယ်ရပါတယ်။

**တံတား** – မွန်ဘာသာအမည် ခပင်း(ခပေင်)ကို မြန်မာဘာသာနဲ့ ခေါ်ကြတာပါ။ အဓိပ္ပာယ်က ကသစ်ပင် ဖြစ်ပါတယ်။

**ကော့မှူး** – မွန်ဘာသာအမည် "ကော့ကောင်း"က ဆင်းသက်လာတာဖြစ်ပါတယ်။ ကော့ဆိုတာက ကုန်း၊ ကောင်းဆိုတာက မရွှေပင်ကို ခေါ်တာမို့ မရွှေပင်ကုန်းလို့ အဓိပ္ပာယ်ရပါတယ်။

**စမ်းချောင်း** – တောင်တည်ထောင်ချိန်က တောင်ကုန်း တောင်တန်း တွေကြားမှာ စမ်းချောင်းကလေးတစ်ခု စီးဆင်းနေတာရှိပါတယ်။ ဒါကို အစွဲပြုခေါ်တာပါ။

**ဆင်မလိုက်** – ရှေးခေတ်အခါက နွံထူထပ်တဲ့အရပ်မို့ ဆင်ကလူလိုက်တဲ့အခါ အဲဒီအရပ်ရောက်ရင် ဆင်မလိုက်တော့ဘဲ ရပ်တန့်သွားတတ်ပါတယ်။

**တာမွေ** – မွန်ဘာသာအမည် တာမွေက ဆင်းသက်လာပါတယ်။ ထန်းပင်တစ်ပင်လို့ အဓိပ္ပာယ်ရပါတယ်။

**ပုဇွန်တောင်** – မွန်ဘာသာအမည် "ပုဇွန်ဒေ" ကလာတာပါ။ တောင်ကုန်းငါးခုလို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီကုန်းတွေက

မလွှကုန်း၊ မအူကုန်း၊ သစ်ဆိမ့်ကုန်း၊ ချစ်တီးကုန်း၊ ပုရွက်ဆိတ်ကုန်း တို့ဖြစ်ပါတယ်။

**ဗဟန်း** – ဗဟန်းဆိုတာ အဝါရောင်ရှိတဲ့မြေကို ခေါ်တာဖြစ်ပါတယ်။ အခုခေတ် ဗဟန်းဒေသဟာ ရှေးအခါက ကန့်ထွက်တဲ့ အရပ်ဒေသ လို့ မှန်းဆရပါတယ်။

**ဘောက်ထော်** – မွန်ဘာသာ ပေါက်ထောကလာတာပါ။ ရွှေဟသာ လို့ အဓိပ္ပာယ်ရပါတယ်။

**မင်္ဂလာဒုံ** – မူလမွန်အမည်က "ချုင်ဒရိုင်မဂေ" ဖြစ်ပါတယ်။ "ချုင်" ဆိုတာက "မြို့"၊ "ဒရိုင်" ဆိုတာက "သမင်"၊ "မဂေ" ဆိုတာက "မင်္ဂလာ" ဖြစ်ပါတယ်။ မင်္ဂလာသမင်မြို့ကို မြန်မာတွေက တိုက်ရိုက်ဘာသာပြန်ယူခေါ် ဆိုကြတာပါ။

**မြေနီကုန်း** – ၁၈၄၃-ခုနှစ်၊ သာယာဝတီမင်း၊ အခုမြို့မကျောင်းနားက ကွင်းပြင်မှာ ဒေါင်မြေရန်နှင့် နန်းမြို့တော်တည်ဆောက်စဉ်က မြေနီကုန်းတံခါးတစ်ခု အပါအဝင် ဖြစ်ပါတယ်။ အဲဒီတံခါးကထွက်ရင် မြေနီရောင်တောင်ကုန်းငယ် တလေးကို တွေ့ရှိနိုင်ကြလို့ပါပဲ။

**လသာ** – အင်္ဂလိပ်လမ်းအမည်တွေကို မြန်မာအမည်ပြောင်းလဲခေါ်ဝေါ်ချိန်မှာ ပေါ်ပေါက်လာတဲ့အမည်ပါ။ အရင်ကတော့ လသာလမ်းတစ်ပိုက်ကို တပ်ကလေးရပ်လို့ခေါ်ကြပါတယ်။ (၁၈၅၂ နောက်ပိုင်း အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲမှာ ပါဝင်ကူညီခဲ့တဲ့ Capt. Latter ကို ဂုဏ်ပြုတဲ့အနေနဲ့ လတ္တာလမ်းဆိုတဲ့လမ်းပေါ်လာတယ်။ အဲဒီလမ်းကို မြန်မာအမည်ပြောင်း

တဲ့အခါ ကုန်ဈေးတန်းနဲ့ ကပ်ရက်မှာ ဇာတ်သာရပ် ဆိုတာရှိခဲ့ဖူး လေတော့ သူတို့လည်း လသာလမ်း၊ လသာရပ်လို့ အမည် ပြောင်းလိုက်ကြတယ်။

**လမ်းမတော်** – သာယာဝတီမင်း ရန်ကုန်မြို့တော်ကြွချီလာ တုန်းက ဘုရင့် ဖောင်တော် ဆိုက်ကပ်တဲ့ ဆိပ်ကမ်းကနေ နန်းမြို့တော်တစ်လျှောက်သွားရာလမ်းကိုလမ်းမတော်လို့ ခေါ်ဆို ခဲ့ကြတာပါ။

**အင်းစိန်** – မွန်ဘာသာအမည် အန်စိန် (အင်စိင်)က ဆင်းသက်လာတာပါ။ ဆင်တွေ ရေကစားရာ အင်းလို့ အဓိပ္ပာယ်ရပါတယ်။

❑ ❑ ❑



**အလောင်းမင်းတရားရဲ့ မြင်းရည်တက်(၆၈)ယောက် အဖွဲ့ ဖွဲ့တော့ အမှတ်စဉ်(၁) နေရာမှာ စည်သာမင်းကြီးဆိုသူကို စာရင်းသွင်းထားတယ်။ ဒါပေမယ့် အဲဒီအဖွဲ့ ဖွဲ့စည်းချိန်မှာ စည်သာမင်းကြီးက ကျေးအုပ်စုရဲ့ ဖမ်းဆီးခြင်းကို ခံနေရဆဲ ဖြစ်ကြောင်း ကုန်းဘောင်ဆက်မှာ မတ်ရှုရပါတယ်။ အဲဒီ စည်သာမင်းကြီးဆိုသူက ဘယ်သူလဲ။**

စည်သာမင်းကြီးဆိုတာက အလောင်းမင်းတရား (ဦးအောင်ဇေယျ)ရဲ့ ခယ်မဖြစ်သူ ရှင်ကောင်းစံရဲ့ ခင်ပွန်း (အလောင်းမင်းတရားရဲ့ မယားညီအစ်ကို တော်စပ်သူ) ဖြစ်ပါတယ်။ အမည်ရင်းက ဦးစည်းစိမ်လို့ ခေါ်ပါတယ်။ ဦးအောင်ဇေယျ ဟာ ၁၇-၄-၁၇၅၂ ခုနှစ်မှာပဲ မုဆိုးဘိုမြို့သူကြီး ရာထူးကနေ ကုန်းဘောင်မင်းဆက်ရဲ့ပထမဆုံး ဘုရင်အဖြစ် ခံယူလိုက်ပါတယ်။ အဲဒီနေ့မှာပဲ မြင်းရည်တက်အဖွဲ့ကို ဖွဲ့စည်းခဲ့တာပါ။ မြင်းရည်တက်အဖွဲ့ စဖွဲ့တော့ စည်သာမင်းကြီး ဦးစည်းစိမ်က ဂုဏ္ဍာအိန်ခေါင်းဆောင်တဲ့ ကျေးအင်အားစုတွေရဲ့ လက်ထဲမှာပဲ ရှိနေပါသေးတယ်။ ဒါပေမယ့် သူ့ကို စာရင်းသွင်းတော့ အမှတ်(၁)လို့သွင်းပေးထားတယ်။ မင်းလှစည်သူဘွဲ့ ကိုလည်း ပေးအပ်ပါတယ်။

စည်သာမင်းကြီးဟာ အင်းဝမင်းဆက်ရဲ့ နောက်ဆုံး ဘုရင် မဟာဓမ္မရာဇာဓိပတိ လက်ထက်မှာ စည်သူကျော်ထင်၊ မင်းကြီးကျော်စွာထင်ဘွဲ့တွေ ရရှိခဲ့သူပါ။ စည်သာမင်းကြီးဟာ အလောင်းမင်းတရား နန်းတက်စမှာပဲ ကျေးတွေလက်က ပြန်လည်လွတ်မြောက်လာပါတယ်။ စည်သာမင်းကြီး ဦးစည်းစိမ်

ဟာ ၁၇၅၅-ခုနှစ်၊ ဇွန်လ ထဲမှာ မွန်တပ်ရဲ့တိုက်ခိုက်မှုကို ခံရပြီး သံလျှင်ဘက်မှာ ကွယ်လွန်သွားပါတယ်။ ဦးစည်းစိမ်နဲ့ဇနီး ရှင်ကောင်းစံတို့ က သမီးမယ်မြေ နဲ့ ရှင်သူဋ္ဌေးတို့ကို ဖွားမြင်ပါတယ်။ သမီးမယ်မြေဟာ အလောင်းမင်းတရားရဲ့ ပဘာဒေဝီဘွဲ့ခံ မြောက်နန်းစံမိဘုရားဖြစ်ပြီး သားစည်သာမင်းသား မောင်ဘိုးလှကို ဖွားမြင်ပါတယ်။ ရှင်သူဋ္ဌေးကတော့ အိမ်ထောင် မရှိပါဘူး။

စည်သာမင်းကြီး ဦးစည်းစိမ်ရဲ့ မျိုးရိုးဆက်နွယ်နဲ့ ပတ်သက်လို့တော့ ကုန်းဘောင်ခေတ်လယ်လောက်က စည်သာမြို့သူကြီး ဦးရှိန်က မှတ်တမ်းတင်ထားတာကို တွေ့ရပါတယ်။ ဦးစည်းစိမ်ရဲ့ ဖခင် ဦးအောင်ကျော်ဇံဟာ မဟာဇိုလ်ဘွဲ့ခံ မင်းမှုထမ်း တစ်ဦးဖြစ်ပါတယ်။ မိခင်အမည်ကိုတော့ ရှင်ဘားလို့ တွေ့ရပါတယ်။ ဖခင်ဘက်က အဖိုး မောင်ဘုန်းရှိ ဆိုတာ ကျိုင်းတုံစော်ဘွားဆက်က ပေါက်ဖွားလာတာပါ။ မိခင်ရှင်ဘားကတော့ ညောင်ရမ်းမင်းတရားရဲ့ သား မင်းသီဟ၊ သူ့သား မင်းရဲအာကာသူ၊ သူ့သား မောင်ပုံရဲ့ သမီးဖြစ်တယ်လို့ ဆိုပါတယ်။

စည်သာမင်းကြီး ဦးစည်းစိမ်က ညီအစ်ကိုမောင်နှမ များတယ်။ အမည်သိရသူ တွေက မခြည်၊ မမြည်၊ မောင်စံမြ၊ မောင်စည်းစိမ်၊ မငြိမ်း၊ မပေါင်း၊ မောင်စံညွန့်၊ မောင်တုပ် တို့ပဲ ဖြစ်ပါတယ်။ မြင်းရည်တက်(၆၈)ယောက် ထဲက မင်းလှကျော်သူ ဘွဲ့ခံ အင်းဝ ဇိုလ်မောင်ညွန့်ဆိုတာလည်း စည်သာမင်းကြီးရဲ့ညီ ပါပဲ။ သူကလည်း အလောင်းမင်းတရား ရဲ့ခယ်မဖြစ်သူ ဒေါ်အိ

ခင်ပွန်းပါပဲ။ အမည်ရင်းက မောင်စံညွန့်လို့ ခေါ်တယ်။ အလောင်းမင်းတရားရဲ့ မိဖုရားခေါင်ဖြစ်ခဲ့တဲ့ မလွန်းမယ်ဆိုတာ အဲဒီ အင်းဝဒိုလ်မှူး ဦးညွန့်နဲ့ ဒေါ်အိတို့က ဖွားမြင်သူပါ။

စည်သာမင်းကြီးရဲ့ သမီးတော်တွေနဲ့ ပတ်သက်လို့ အမှတ်အသားကွဲလွဲမှု တစ်ချို့တော့ရှိပါတယ်။ အဲဒါက စည်သာမင်းကြီး ဦးစည်းစိမ်မှာ သမီး(၂)ယောက် မဟုတ်ပဲ (၃)ယောက်ရှိတယ်ဆိုတဲ့ အချက်ပါပဲ။ သမီးကြီး မယ်မြေဟာ အလောင်းမင်းတရားရဲ့ မြောက်နန်းမိဖုရားဖြစ်ခဲ့သလိုသမီးလတ် မယ်လွန်းမြေဆိုသူလည်း ဆင်ဖြူရှင်(မြေဒူးမင်း)ရဲ့ သီရိနန္ဒာ မဟာဒေဝီ ဘွဲ့ခံ အလယ်နန်းမိဖုရား ဖြစ်ခဲ့ကြောင်း ဆိုပါတယ်။ ဆင်ဖြူရှင်မင်းနဲ့ မယ်လွန်းမြေ တို့ကနေ မင်းပုလု (ခေါ်) မပုလဲ ဆိုတဲ့ သမီးတစ်ယောက်ဖွားမြင်ခဲ့ပါသေးတယ်။

❑ ❑ ❑



အရင်တုန်းက ပဥ္စမတန်းမြန်မာပတ်စာမှာ “တောင်ပေါ်မန်းရယ် နှင့် စင်တန်းငယ် ကုန်းကြောင်” အစချီ ကဗျာ ထည့်မှတ် သင်ခဲ့ဖူးပါတယ်။ အဲဒီကဗျာထဲမှာ “အိမ်ကိုမြန်လျှင်၊ အကျွန် ကျွန်ုပ်၊ ယုန်တစ်ထုတ်ကို စွာဆုတ်ရေလှန်၊ ကျပ်စိုးစံလို့ ပရန်နေပါ၊ ရွက်နုညွာကို ပေါ်ပြာထည့်ကျို၊ အိုးနားတို့နှင့်၊ စပ်ရှို ညစ်တော၊ ဆောင့်ကြောင့်ထိုင် မှုလိုက်တယ်” ဆိုတဲ့ စာပိုဒ်ကိုလဲ သတိရနေမိပါတယ်။ ကဗျာရှင်စာဆိုတော်က ဦးကြီးလို့ သိရပြီး သူ့ အထုပ္ပတ္တိ အကြောင်းအရာ ကတော့ ရှာမတွေ့ရ လောက်အောင် တိမ်မြုပ်ပျောက်ကွယ်နေပါတယ်။ ရှာဖွေဖော် ထုတ်သင့်ပါတယ်။

ကုန်းဘောင်ခေတ်မြန်မာစာပေ သမိုင်းမှာ စာဆိုတော် ဦးကြီးအမည်ခံသူ(၃)ဦး ပေါ်ထွက်ခဲ့ဖူးပါတယ်။ ဒီ “ချိုပေစွ ဟင်းချို” လို့ အမည်ပေးထားတဲ့ တောဘွဲ့ ကဗျာလေးကိုတော့ သာဝတ္ထိရွာဇာတိ ဦးကြီးက ရေးဖွဲ့ခဲ့တာပါ။ သာဝတ္ထိရွာဆိုတာက ရွှေဘိုအနောက်မြောက်ဘက် (၁၅)မိုင်လောက်အကွာမှာ ရှိပါတယ်။ ဦးကြီးက မြင်းစီးသူကြီး မျိုးရိုးက ဆင်းသက်လာတာ။ သူ့မှာ ဦးဖိုး၊ ဦးသိုး ဆိုတဲ့ အစ်ကို နှစ်ယောက်ရှိတယ်။ အရွယ် ရောက်တော့ သာဝတ္ထိရွာ က ရွှေကျောင်းအစ်မ ဒေါ်မိရဲ့ သမီး မမနဲ့ အိမ်ထောင်ကျတယ်။ ၁၈၄၆-ခုနှစ်မှာ မောင်မြင့်ဆိုတဲ့ သားတစ်ယောက်ကို မွေးပါတယ်။

၁၈၄၉-ခုနှစ်မှာ ဇနီးဒေါ်မမ ကွယ်လွန်သွားလို့ ခယ်မဖြစ်သူ မလန်းနဲ့ ထပ်မံလက်ဆက်ပြန်တယ်။ မလန်းနဲ့ မောင်ဆင့် ဆိုတဲ့ သားတစ်ယောက် ထွန်းကား ပါတယ်။ မင်းတုန်းမင်း လက်ထက် အစောပိုင်းကာလမှာပဲ ဦးကြီး နေမျိုး

သူရိန်ကျော်ဘွဲ့နဲ့ မြေတိုင်မြင်းစီးသူကြီးရာထူးဆက်ခံခွင့် ရပါတယ်။ ဒါပေမယ့် ၁၈၆၆-ခု ပတိမ်းမင်းသား အရေးတော် အတွင်းမှာ ဦးကြီးရဲ့ အစ်ကိုတွေ ပါဝင်ပတ်သက်ခဲ့လို့ သူတို့ အစ်ကိုတွေပိုင်တဲ့ လယ်မြေတွေအားလုံး အသိမ်းခံကြရတယ်။ ဦးကြီးလဲ ရာဇဝတ်ဘေးကြောင့် သင်္ကန်းဝတ်ပြီး တိမ်းရှောင်နေရတယ်။ နောက်မှ လူထွက်တယ်။ ၁၈၇၇-ခုနှစ်မှာ ဦးကြီး သာဝတ္ထိရွာနေအိမ်မှာပဲ ကွယ်လွန်သွားပါတယ်။

ဦးကြီးရဲ့သား ဦးမြင့်က သီပေါမင်းလက်ထက်မှာ ရိုးရာ မြင်းစီးသူကြီးရာထူးရခဲ့ပြီး ၁၉၁၉-ခုနှစ်မှာ ကွယ်လွန် ပါတယ်။ ဦးကြီးရဲ့မြေးဖြစ်သူ မမွှေးကြည်ကတော့ သာဝတ္ထိမှာ အချိန် အတော်ကြာအထိ သက်ရှိထင်ရှားရှိနေခဲ့ပါပဲ။ ဦးကြီးက ငါးရာနဲ့ရွာမှာ သိမ်တစ်ဆောင်ဆောက်လုပ် လှူဒါန်းခဲ့ဖူးလို့ သိမ်ဒကာဦးကြီးလို့လဲ အမည်တွင်တယ်။ သာဝတ္ထိဦးကြီးနဲ့ ခေတ်ပြိုင်ထင်ရှားတဲ့ ဦးကြီးအမည်ခံ စာဆိုတွေက စသာဦးကြီး၊ ဝန်စာရေးဦးကြီး၊ သမိုင်းဦးကြီး တို့ပါပဲ။

စသာဦးကြီးက စစ်ကိုင်းနယ်ဈေးတက်ရွာ (စသာ တောင်ကြားရွာ) ဇာတိ ဖြစ်ပါတယ်။ ဆယ်နှစ်သားအရွယ် ကတည်းက သူ့အစ်ကို ကိုးကွယ်တဲ့ ပင်းဆရာတော် ဆီမှာ စာပေလေ့လာသင်ကြားတယ်။နောက်ရဟန်းဘောင်တက်တယ်။ မင်းတုန်းမင်း လက်ထက် လူထွက်ပြီးအမှုထမ်းတော့တောင်ငူမြို့ စာရေး သစ်တောစာရေ ရာထူးတွေရတယ်။ဘုရားသမိုင်းတွေ ရေးဖွဲ့များလို့ သမိုင်းဆရာဦးကြီးလို့တောင် အမည်တွင်ပါတယ်။ ဦးကြီးရေးတဲ့ စာတွေထဲမှာ ပါဌာနုသာရီသတ်ပုံကျမ်းက အတော် အတန် ထင်ရှားပါတယ်။ သီပေါမင်းနန်းတက်ပြီး(၂)လအကြာ

တောင်ဥယျာဉ် သတ်ပုံသတ်ညွှန်းဆိုင်ရာ အစည်းအဝေးမှာ တောင် ပြဌာန်းခဲ့ရတဲ့ကျမ်းတစ်ကျမ်းပေါ့။

နောက်ထင်ရှားတဲ့ ဦးကြီးတစ်ယောက် ကတော့ "ချဉ်ပေါင်ရွက်သည်မောင်မှိုင်း"ဝတ္ထုရေးသူဝန်စာရေးဦးကြီးပါပဲ။ ဝန်စာရေးဦးကြီးကို ၁၈၅၈-ခုနှစ်က မန္တလေးတောင်နန်းရိပ်သာ ရပ်မှာ ဖွားမြင်တယ်။ မိဘတွေက ဦးအုန်းဖူးနဲ့ ဒေါ်ခင်ခင် တို့ပါပဲ။ ဖခင်ဦးအုန်းဖူးဟာ ဘိုးတော်ဘုရားရဲ့သမီးတော် မဒုမဝတီက မွေးတဲ့ ဒေါ်သဗ္ဗါနဲ့ ဦးလင်းတို့ သားဖြစ်သလို မိခင် ဒေါ်ခင်ခင် ဆိုတာလည်း ကိုးခရိုင်မြို့စား သံရွာမင်းသားရဲ့ သမီးပါ။ ဦးကြီးရဲ့ အစ်ကို ဦးမှန်ဆိုတာ က နန်းတော်ရှေ့ ဆရာတင်တို့ အဖေပေါ့။ ဦးကြီးငယ်စဉ်က သင်္ဂဇာဆရာတော် တပည့် ဦးကေသရဆီမှာ ပညာသင်ဖူးတယ်။ နောက်ပိုင်း တိုင်တားမင်းကြီးရဲ့ဝန်စာရေး ဖြစ်ပါတယ်။

ဦးကြီးက ဇနီးမယားတွေ အများသား။ သီပေါမင်း ပါတော်မူလို့ ရန်ကုန် ဆင်းလာတော့ ကြည့်မြင်တိုင်မှာ နေရင်း ဒေါ်အုန်းနဲ့ အိမ်ထောင်ကျတယ်။နောက်ဒေါ်အေးသဲ၊ ဒေါ်သိန်းတင်၊ ဒေါ်ကျော့မေ၊ ဒေါ်ပု ၁၊ ဒေါ်ပု ၂၊ ဒေါ်လှမြိုင် တို့ကို တစ်ပြိုင်တည်းလိုလို လက်ဆက်ခဲ့တယ်။ ပထမဆုံးဇနီး ဒေါ်အုန်း(ဦးပိုက်၊ ဒေါ်ခါတို့ရဲ့ သမီး)နဲ့ သား သာထွန်း၊ ဇဲ၊ သမီးမသိန်းတင်နဲ့ သားငယ်ကိုကိုကြီးတို့ကို ဖွားမြင်ပါတယ်။ ကိုကိုကြီးကမွေးတဲ့ မောင်မောင်သွင် ဆိုတာ စာရေးဆရာ တစ်ဦးပါ။ ဦးကြီးဟာ အသက် ၆၆-နှစ်အရွယ်မှာ မျက်စိ ကွယ်သွားပြီးနောက် နှစ်နှစ်အကြာမှာ ကွယ်လွန်သွားပါတယ်။

❑ ❑ ❑

မှုံပွင့်မြကျိုင်



**မော်ဘီဆရာသိန်းကြီးရဲ့ ပါးစပ်ရာဇဝင်ထဲက ဘိုးတော်ဘုရားရဲ့ ရောင်းရင်းဘက် တွေဖြစ်တဲ့ ပေါ်ဦး၊ ကျော်ရွှေနဲ့ မြတ်ထင် ဆိုတာ ပါးစပ်ရာဇဝင်ထဲမှာပဲ ရှိတာလား။ အပြင်လောက မှာရော တကယ်ရှိခဲ့ကြပါသလား။**

မော်ဘီဆရာသိန်းကြီးရဲ့ ပါးစပ်ရာဇဝင်ပါ ပေါ်ဦး၊ ကျော်ရွှေနဲ့ မြတ်ထင် ဆိုတာက အပြင်လောကမှာ တကယ်ရှိခဲ့ကြသူတွေပါ။ ဒါပေမယ့် သူတို့ကို ဘိုးတော်ဘုရားရဲ့ ရောင်းရင်းဘက်တွေလို့ ပြောရခက်ပါတယ်။ အဲဒီသုံးဦး စလုံးဟာ ဘိုးတော်ဘုရားထက် အသက်၁၅၊ ၂၀နှစ်ဝန်းကျင်ငယ်ရွယ်ကြသူတွေ ဖြစ်ကြလို့ပါပဲ။ ပြီးတော့ သူတို့ရဲ့ လုပ်ငန်းတာဝန်တွေအရလည်း ဘုရင်နဲ့ တရင်းတနှီးနေထိုင်နိုင်ဖို့ မလွယ်ပါဘူး။ ဥပမာ ဦးကျော်ရွှေဆိုရင် ရန်ကုန်မြို့ဝန်ရာထူးနဲ့ အမှုထမ်းရွက်ရတာမို့ သူက ရန်ကုန်မှာ အနေများပါတယ်။

ဘိုးတော်ဘုရားရဲ့ ရောင်းရင်းဘက်တွေ ထဲမှာ ပျော်တော်ဆက်တစ်ယောက် အဖြစ်ထင်ရှားသူက အမတ်ကြီး ဦးပေါ်ဦးပါ။ ဦးပေါ်ဦးကို ၂၊ ၃၊ ၁၇၆၀-ပြည့်နှစ်မှာ မြေဒူး အောက်တိုက်၊ တုံ့ဆည်ရွာ (တဇယ်)မှာ မွေးမြင်တယ်။ မိဘတွေက ဦးစံနိုင်၊ ဒေါ်ပိုးစီတို့ပါ။ အရွယ်ရောက်တော့ ဗဒုံမင်းသား(ဘိုးတော်ဘုရား) ရဲ့အိမ်တော်မှာ အမှုထမ်းတယ်။ ဗဒုံမင်းသား ဘုရင်ဖြစ်လာတော့ မြေတိုင်(သူကြီး)ရာထူးက တစ်ဆင့် နာခံတော်၊ အတွင်းဝန် ရာထူးတွေ တိုးမြှင့်ခန့်အပ်ခံ ရတယ်။ ဘွဲ့အမည်က နေမျိုးမင်းလှ မဟာအနော်ရထာ

ဖြစ်ပါတယ်။ ၂၂-ဇန်နဝါရီ ၁၈၃၉-ခုနှစ်မှာ အမတ်ကြီးဦးပေါ်ဦး ကွယ်လွန်ပါတယ်။

ဦးပေါ်ဦးဟာ အများထင်ကြသလို နန်းတွင်း ပျော်တော်ဆက် တစ်ဦးမဟုတ်ပါဘူး။ သူက မြေတိုင်သူကြီး မျိုးရိုးက ဆင်းသက်လာသူဖြစ်ပြီး နမ်ဖြစ်သူ ဒေါ်နီရဲ့ ခင်ပွန်း ဦးလွန်းပေါ် ဆိုတာကလည်း နောင်တတိယ ကျော်အောင်စံထား ဆရာတော် အဖြစ် ထင်ရှားခဲ့သူဖြစ်ပါတယ်။ အမတ်ကြီး ဦးပေါ်ဦးရဲ့ မျိုးရိုးဆက်နွယ်တွေထဲမှာ မြစ်ဖြစ်သူ ဦးဖိုးကာ ဆိုတာ တောင်ငူ မြို့နီစီပါယ် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့ ဖူးကြောင်း သိရှိရပါတယ်။ ပြီးတော့ ကျွမ်းဂန်စာပေအရာမှာ ထင်ရှားတဲ့ မြေဒူးဆရာတော် ရှင်နန္ဒမာလာဆိုတာလည်း အမတ်ကြီး ဦးပေါ်ဦးနဲ့ ဝမ်းကွဲညီအစ်ကိုတော်စပ်သူပါပဲ။

ဦးကျော်ရွှေကိုတော့ ၁၇၅၉-ခုနှစ်မှာ အလုံနယ် နောင်ကြီးဘိုးရွာမှာမွေးတယ်။ သူ့အမေ ဒေါ်ဆုံဆိုတာ ဘိုးတော်ဘုရားရဲ့ မိဖုရားဒေါ်လွန်းပုနဲ့ ညီအစ်မဝမ်းကွဲ တော်စပ်တယ်။ ဦးကျော်ရွှေကလည်း ဗဒုံမင်းသားအိမ်တော် မှာ အမှုထမ်းခဲ့ဖူး ပါတယ်။ မင်းသားဘုရင်ဖြစ်တော့ မင်းလှရွှေတောင်ဘွဲ့နဲ့ ကျေးဇူးတော်မှုထမ်းရတယ်။ ၁၇၉၂-ခုနှစ်မှာ ရန်ကုန်မြို့ဝန်ဖြစ်နေပြီ၊ ရန်ကုန်မှာ အကြာကြီး နေခဲ့ဖူးပြီး ၁၈၂၂-ခုနှစ်က ရန်ကုန်မှာပဲ ကွယ်လွန်သွားတယ်။ ဦးကျော်ရွှေရဲ့ အစ်ကိုကြီး ဦးကျော်ခေါင် (သံလျင်မြို့စား ဝန်ကြီး) ဆိုတာ ဆရာမကြီးဒေါ်ခင်မျိုးချစ်တို့ အဘိုးပေါ့။ ဦးကျော်ခေါင်ရဲ့ သမီးတစ်ယောက်က တနင်္လာမင်းပေါ်ကွင်းဝန်ဦးဘိုး

နဲ့ စုံဖက်ပြီး သမီးတန်းမော်ခင်လေးကြီးကို ဖွားမြင်တယ်။ ဒေါ်ခင်လေးကြီးက ကျောက်စာဝန်ရုံးစာရေးကြီး ဦးဘေနဲ့ လက်ဆက်ပြီး ရာဇဝတ်ဝန်ထောက် ဦးတော်ကိုမွေးတယ်။ ဦးတော်နဲ့ ဇနီးဒေါ်သန်းတင်တို့ဟာ ဒေါ်ခင်မျိုးချစ်ရဲ့ မိဘတွေ ပါပဲ။

ဦးမြတ်ထင်က စစ်ကိုင်းနယ် နောက်ချေးကျွန်းရွာ ဇာတိပါ။ ဝဒုံမင်းသား နန်းတက်စမှာ သီဟမင်းရဲဘွဲ့နဲ့ လမိုင်းဝန်ရာထူးရတယ်။ နောက်မင်းကြီးမဟာမင်းခေါင်ဘွဲ့ခံ လက်ဝဲဝင်းမှူး၊ မြင်းဝန်၊ မြင်းစုကြီးဝန် ရာထူးတွေရတယ်။ ၁၈၁၂-ခုနှစ် ယိုးဒယားစစ်ပွဲကာအပြန်မှာ ဦးမြတ်ထင် ဝန်ကြီး ရာထူးတိုးမြှင့်ခန့်အပ်ခံရတယ်။ သူကွယ်လွန်တဲ့ ခုနှစ်အမှတ် အသားကိုတော့ မတွေ့ရဘူး။ သားနှစ်ယောက်ထွန်းကားခဲ့ပြီး သားတွေက ယောမြို့စားဝန်ကြီး ဦးရွှဲညိုနဲ့ လမိုင်းဝန် ဦးညိုရောင်တို့ အဖြစ်ထင်ရှားခဲ့ပါတယ်။ ဝန်ကြီး ဦးရွှဲညိုက သားသမီးမထွန်းကားဘူး။ လမိုင်းဝန် ဦးညိုရောင်ကတော့ ဒေါ်နန်းပွင့်ရဲ့ သမီးမဘူးခေါင်နဲ့ အိမ်ထောင်ကျပြီး သားသမီး ထွန်းကားတယ်။

ဒါကြောင့် ပေါ်ဦး၊ ကျော်ရွှေနဲ့ မြတ်ထင်ဆိုတာ အမြင်လောကမှာ တကယ်ရှိခဲ့ဖူးတယ်။ သူတို့ သုံးယောက် စလုံးဘိုးတော်ဘုရားဘုရင်မဖြစ်မီက အိမ်တော်မှာ အမှုထမ်းခဲ့ ဖူးတယ်။ ရောင်းရင်းတွေလို့တော့ မဆိုနိုင်ပါဘူး။

❑ ❑ ❑

ရှုမြင်မဂ္ဂဇိုင်



**ကုန်းဘောင်မင်းဆက်ရဲ့ နောက်ဆုံးဘုရင်ကို သီပေါမင်းလို့ သိကြပါတယ်။ သီပေါမင်းရဲ့ နာမည်အရင်းက ဘယ်သူပါလဲ၊ ပြီးတော့ သူ့ကို ဘာဖြစ်လို့ သီပေါမင်းလို့ ခေါ်ကြတာပါလဲ။**

သီပေါမင်းရဲ့ နာမည်အရင်းက ဦးမျိုးဆက်လို့ခေါ်ပါတယ်။ သူ့ကို သီပေါမင်း လို့ခေါ်ကြတာကတော့ မင်းသားဘဝက သီပေါမြို့ကို မြို့စားအရာရရှိခဲ့ဖူးလို့ပါပဲ။ သီပေါမင်းနဲ့ ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့တို့က ဆက်စပ်မှုတွေ ရှိပါတယ်။ သီပေါမင်းတို့ မယ်တော်ဘက်က တော်စပ်တဲ့ အဖိုးဦးမှုးက သီပေါမြို့စားဖြစ်ခဲ့ဖူးသလို အဲဒီဦးမှုးရဲ့ မိခင် နန်းမွှေခန်းဆိုတာကလည်း သီပေါစော်ဘွားကြီး စောမြတ်ဆာမှု ရဲ့သမီးဖြစ်ပါတယ်။ ဒါကြောင့် သီပေါမင်းကို သီပေါစော်ဘွား အဆက်အနွယ်လို့ ဆိုနိုင်ပါတယ်။

သီပေါမြို့စားကြီး ဦးမှုးက ဘကြီးတော်လက်ထက် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှာထင်ရှားခဲ့တဲ့ ကြောဝန်ကြီး ဦးမြတ်ရာရဲ့သမီး မယ်အိန္ဒြေ ဒိမ်ထောင်ကျပြီး သီပေါမင်းတို့ မယ်တော် လောင်းရှည်မြို့စား မိဖုရားကို ၁၈၁၅-ခုနှစ်မှာ ဖွားမြင်တယ်။ လောင်းရှည်မိဖုရားရဲ့ အမည်ရင်းကိုတော့ မှတ်မိတဲ့သူမရှိတော့ဘူး။ သူ့မှာ မောင်နှစ်ယောက်လည်း ရှိသေးတယ်၊ မောင်ဘိုးကြီးနဲ့ မောင်ဂါမဏီတို့ပါပဲ။ သီပေါမင်းရဲ့ ဦးလေးတွေပေါ့။ လောင်းရှည်မိဖုရားက ၁၊ ၃နှင့်၊ ၁၈၈၁-ခုနှစ် အသက်(၆၆)နှစ်အရွယ်မှာ ဆုံးပါးသွားတယ်။

သီပေါမင်းသား မောင်မျိုးဆက်ကို မင်းတုန်းမင်းနဲ့ လောင်းရှည်မိဖုရားတို့က ၁၊ ဇန်နဝါရီ၊ ၁၈၅၉ မှာမွေးတယ်။ မွေးချင်းအစ်မတစ်ယောက်(ပခန်းကြီးစုဖုရား)နဲ့ နှမတစ်ယောက်(မိတ္ထီလာစုဖုရား)တို့ ရှိတယ်။ ငယ်ငယ်က **Dr. J.E Marks** ရဲ့ အင်္ဂလိပ်စာသင်ကျောင်းမှာကျောင်းဝင်အမှတ်(၂၇)နဲ့တက်ရောက် ပညာသင်ကြားခဲ့ဖူးလို့ အင်္ဂလိပ်လိုနည်းနည်း ပြောတတ်တယ်။ ရှင်သာမဏေဝတ်ပြီး တောင်တော်ဆရာတော် ဦးမာလာဆီမှာ ပညာသင်ကြားခဲ့ဖူးလို့ ပါဠိဘာသာကိုလည်း ကျွမ်းကျင်တယ်။ ပထမကျော်စာမေးပွဲတောင် အောင်မြင်ခဲ့ဖူးတယ်။ ဘုရင်ဖြစ်တော့ အသက်(၁၉)နှစ်ပဲ ရှိပါသေးတယ်။ ဒါပေမယ့် အသက်(၂၆)နှစ် အရွယ်မှာပဲ နန်းကျသွားပြီး အိန္ဒိယနိုင်ငံ ရတနာဂီရိကို ပါတော်မူသွားတယ်။ အဲဒီမှာ မိဖုရားကြီး စုဖုရားလတ်၊ စုဖုရားလေး တို့နဲ့အတူ အကျဉ်းခံဘုရင် ဘဝနဲ့ နေထိုင်ရင်း ၁၂-၁၂-၁၉၁၆ ခုနှစ်မှာ နတ်ရွာစံသွားတယ်။

သီပေါမင်း မင်းသားဘဝက သူမြို့စားအရာရရှိခဲ့ဖူးတဲ့ သီပေါနယ်ကို ရောက်ခဲ့ဖူးတယ်လို့လည်း ဆိုပါတယ်။ နေပြည်တော်မှာ မြင်ကွန်း-မြင်ခုန်တိုင်အရေး၊ ပတိမ်းမင်းသားအရေးတော်တွေဖြစ်ပွားနေတုန်းက သူ့ရဲ့မယ်တော် လောင်းရှည်မိဖုရားကသီပေါမင်းသားကလေးကိုရန်ကင်းတောင်နား ကလိန်ပင် ကျောင်းတိုက်ထဲမှာ ပုန်းခိုင်းထားတယ်။ နောက်ပိုင်းအဲဒီမှာ သိပ်စိတ်မချလို့ ယုံကြည်စိတ်ချရသူတစ်ဦးနဲ့ ရှမ်းပြည်နယ် မြောက်ပိုင်းကို တိမ်းရှောင်ခိုင်းလိုက်သတဲ့။ သီပေါမင်းသား ကလေးက အခုဂုတ်ထိပ်တံတားကြီး ရဲ့အနောက်မြောက်ဘက်

မလှမ်းမကမ်းမှာရှိတဲ့ တောင်ကုန်း တောင်တန်းတွေကြားက နောင်ဝိန်ရွာမှာ ရှမ်းအမျိုးသား အမတ်တောက်ကြီးရဲ့ အကူအညီနဲ့ နေထိုင်ခဲ့ရကြောင်းဆိုပါတယ်။

သီပေါမင်းသားကို သီပေါနယ်ထဲ ပို့ဆောင်ရေး အတွက် အသေးစိတ် အစီအစဉ်တွေက ဆင်ဖြူမရှင်မိဖုရားကြီးရဲ့ အစီအမံတွေလို့လည်း အဆိုရှိပါတယ်။ မိဖုရားကြီးက သူ့သမီးတော်စုဖုရားလတ်နဲ့ ကစားဖော်ဖြစ်တဲ့ သီပေါမင်းသားကလေး အပေါ် သံယောဇဉ်ရှိသောကြောင့် သူနဲ့ ဆွေရိပ်မျိုးရိပ် မကင်းတဲ့ ရှမ်းအမတ်တောက်ကြီး ဆီကို ပို့ပေးခိုင်းလိုက်တာတဲ့။ ဆင်ဖြူမရှင်မိဖုရားကြီးဟာ နောင်တစ်ချိန်မှာ သီပေါမင်းသားလေးကို ထီးနန်းရရှိအောင် ဆောင်ရွက်ပြီး သမီးစုဖုရားလတ်ကို မိဖုရားခေါင်အရာ တင်မြှောက်နိုင်ဖို့ အစောပိုင်းကာလကတည်းက အကြံအစည်ရှိခဲ့တယ် လို့လည်း ဆိုကြပါတယ်။

❑ ❑ ❑



**မြန်မာနိုင်ငံမှာ ပထမဆုံးစာသင်ကျောင်းကို ဗြိတိသျှအစိုးရ လက်အောက် ကျရောက်စ မော်လမြိုင်မြို့မှာ စတင်ဖွင့်လှစ် ခဲ့ကြောင်း အဆိုရှိပါတယ်။ ဒါပေမယ့် အဲဒီကျောင်းက နှစ်အနည်းငယ်အတွင်းမှာပဲ ရပ်စဲသွားတယ် ဆိုတာ ဟုတ်ပါသလား။**

အင်္ဂလိပ် - မြန်မာပထမစစ်ပွဲအပြီး ၂၄-၂-၁၈၂၆-ခုနှစ်မှာ ရန္တပိုစစ်ပြေငြိမ်းရေး စာချုပ်အရ ရခိုင်နဲ့ တနင်္သာရီနယ်တွေကို ဗြိတိသျှလက်အောက် လွှဲပြောင်းပေးအပ် ခဲ့ရပါတယ်။ တနင်္သာရီနယ်ကို ဗြိတိသျှတို့ သိမ်းပိုက်စက မော်လမြိုင်မြို့နေရာက တံငါရွာငယ်လေးတစ်ရွာ အဖြစ်ပဲရှိပါ သေးတယ်။ ဒါကြောင့် ဗြိတိသျှအုပ်ချုပ် ရေးအရာရှိ တွေက ကျိုက္ခမီမြို့မှာ ရုံးစိုက်ကြရပါတယ်။ ၁၈၂၇-ခု မေလမှာ တနင်္သာရီတိုင်းမင်းကြီး Mr. AD Maingy က ကျိုက္ခမီကနေ မော်လမြိုင်ကို ပြောင်းရွှေ့ ရုံးစိုက်လိုက်တယ်။ အဲဒီလိုပြောင်းရွှေ့ ရခြင်းရဲ့ အဓိက အကြောင်းအရင်းတွေကတော့ မော်လမြိုင်မှာ သောက်သုံးရေလွယ်တယ်။ မုတ်သုံဒဏ်ကို ကာကွယ်နိုင်တဲ့ ဆိပ်ကမ်းကောင်းရှိတယ်။ ယိုးဒယားဘက်ကို အလွယ်သွား နိုင်တယ်။ ပြီးတော့ မကြာခဏ နှောင့်ယှက်နေတဲ့ မြန်မာ ဘုရင်ပိုင် မုတ္တမနယ်နဲ့လည်း အလှမ်းကွာသွားတယ်။ ဒါကြောင့်ပါ။

မော်လမြိုင်က မြို့ကြီးဖြစ်လာပြီးတော့ ၁၊ ၉၊ ၁၈၃၄-ခုနှစ်မှာ မိန်ကေးလမ်း (မြို့မတံတားလမ်း)မှာ စာသင် ကျောင်းတစ်ကျောင်း စတင်ဆောက်လုပ်ဖွင့်လှစ်လိုက်ပါတယ်။

အဲဒီတုန်းက အုပ်ချုပ်ရေးရာကိစ္စအဝဝကိုအင်္ဂလိပ်အရှေ့အိန္ဒိယ ကုမ္ပဏီက တာဝန်ယူထားချိန်ဆိုတော့ စာသင်ကျောင်းကိုလည်း ကုမ္ပဏီကျောင်းလို့ ခေါ်ကြတယ်။ ကျောင်းအုပ်ဆရာကြီး ကတော့ အမေရိကန် နှစ်ခြင်းသာသနာပြုအဖွဲ့ကဘုန်းတော်ကြီး **Cephas Bennet** ပါပဲ။ အဲဒီတုန်းက သင်းနက်က ကျောင်းသား တွေကို စာသင်၊ သူ့ဇနီးက ကျောင်းသူတွေကို စာသင်ပေးပေါ့။

၁၈၃၅-ခုနှစ်မှာ စာသင်ကျောင်းကအစိုးရကျောင်းဖြစ် လာတယ်။ အရင်တုန်းက ကျောင်းသား(၂၆) ယောက်သာရှိရာက တစ်နှစ်တာကာလအတွင်း(၁၀၄)ယောက်အထိတိုးတက်များပြား လာပါတယ်။ အဲဒီအထဲမှာ ကျောင်းသူအရေအတွက်က (၁၂) ယောက်ပါဝင်ပါတယ်။ ကျောင်းသူဦးရေကတော့ အတော် နည်းပါးတယ်လို့ ဆိုရမှာပါ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံမှာ ပထမဆုံး ဖွင့်လှစ်ခဲ့တဲ့ အစိုးရ စာသင်ကျောင်း အဖြစ်တော့ အသိအမှတ် ပြုရမှာဖြစ်ပါတယ်။

၁၈၃၆-ခုနှစ်မှာ စာသင်ကျောင်းခေတ္တခဏ ရပ်ဆိုင်း သွားဖူးပါတယ်။ ဒါပေမယ့် သိပ်မကြာမီကာလ ၁၈၃၇-ခုနှစ် ဧပြီလထဲမှာပဲ ကျောင်းပြန်ဖွင့်နိုင်ခဲ့ပါတယ်။ ကျောင်းရပ်ဆိုင်း ရခြင်းရဲ့ အကြောင်းအရင်းကတော့ တရုတ်အမျိုး သားတစ်ဦး ဖြစ်သူ Lao Coon Vaung ရဲ့ ပြဿနာကြောင့်ပါပဲ မော်လမြိုင်မြို့မှာနေထိုင်သူ တရုတ်အမျိုးသား Lao Yin Phan ဟာ အမရပူရမြို့ဝန်ရဲ့ သမီးနဲ့ စုံဖက်ပြီး မကြင်၊ အဖွောင် ခေါ် Lao Coon Vaung၊ ကိုရွှေလှိုင်နဲ့ ကိုစံ တို့ကို ဖွားမြင်ပါတယ်။ ဝူဩဘာသာဝင် အဖွောင်ဟာ ဉာဏ်ရည်ထက်မြက်ပြီး ၁၈၃၄-

ခုနှစ် စာသင်ကျောင်းဖွင့် ကတည်းက ကျောင်းလာတက်နေပါတယ်။

အဖွောင်ကို ကျောင်းအုပ်ဆရာကြီး ဘင်းနက်က ချစ်မြတ်နိုးပြီး နှစ်ခြင်း ခံပေးတော့ မော်လမြိုင် မြို့သူမြို့သားတွေက မကျေနပ်လို့ ဆိုင်ရာကိုတိုင်ကြားခဲ့ကြတယ်။ အမှုစစ်ဆေးနေစဉ်အတွင်းမှာသာ ကျောင်းပိတ်ထားတာ ဖြစ်ပါတယ်။ မကြာခင် ဘင်းနက် အလုပ်ပြုတ်သွားပြီး ကျောင်းအုပ်ဆရာကြီးအဖြစ် George Henry Hough ကို ခန့်အပ်လိုက်ပါတယ်။ ဘင်းနက်ဟာ ၁၈၄၀-ခုနှစ်မှာ အဖွောင်ကိုပါခေါ်ပြီးအမေရိကန်ပြန်သွားတယ်။ အဖွောင်ဟာ နောက်ပိုင်း မော်လမြိုင်ပြန်လာတဲ့အခါ ဦးလူးအမည်ခံသာစ်ကုန်သည်ကြီး တစ်ဦးအဖြစ် ထင်ရှားလာပါတယ်။

၁၈၇၆-ခုနှစ်မှာ စာသင်ကျောင်းကို ထားဝယ်စုရပ်က Freemason Street (သိပ္ပံကျောင်းလမ်း)ကို ပြောင်းရွှေ့ကြရတယ်။ အဲဒီအချိန်မှာ ကျောင်းအုပ်ဆရာကြီးက Cage Adams ဖြစ်နေပါပြီ။ ဒါပေမယ့် နောက်ပိုင်း ဗြိတိသျှ အစိုးရက ဦးစီးဖွင့်လှစ်တဲ့ စာသင်ကျောင်းကို မြို့နေလူထုက စိတ်ဝင်စားမှုနည်းပါးလာကြတယ်။ ၁၈၇၈ - ခုနှစ်မှာ ကျောင်းမှာ ဆရာမလုံလောက်ဘူး ဆိုပြီး အလယ်တန်းကျောင်းအဆင့် လျှော့ချခံရသေးတယ်။ ၁၈၈၅ - ခုနှစ်ကျမှ အထက်တန်းကျောင်းပြန်ဖြစ်လာတယ်။ နောက်ပိုင်း အဲဒီကျောင်းဟာ မော်လမြိုင်အထက(၁)ဖြစ်လာပါတယ်။

❑ ❑ ❑

ဖူးပွင့်မဂ္ဂဇိုင်



**နောက်ဆုံးပုဂံမင်းဆက်ကို စတင်တည်ထောင်တဲ့ ဘုရင်အမည်က မျဉ်ပြားမင်း ဆိုတော့ ပြက်ရယ်ပြုစရာ ဖြစ်နေပါတယ်။ ဒီလို အမည်မျိုးနဲ့ ဘုရင်ကော ရှိနိုင်ပါ့မလား။ ဒါဒီမျဉ်ပြားမင်း အကြောင်းက အခြေအမြစ်မရှိ ယုံတမ်းစကား တွေလို့ဖြစ်မနေ ဘူးလား။**

ကုန်းဘောင်ခေတ်နှောင်း ကာလမှာ ထင်ရှားခဲ့တဲ့ မင်းတုန်းမင်း အမည်ကို လက်ခံမယ်ဆိုရင် မျဉ်ပြားမင်း အမည်ကိုလည်း လက်ခံနိုင်ဖွယ်ရှိပါတယ်။ မင်းတုန်းမင်း ဆိုတာ ငယ်ရွယ်စဉ်မင်းသားဘဝက မင်းတုန်းမြို့စားအရာ ရရှိခဲ့ဖူးလို့ နောင်ဘုရင်ဖြစ်တဲ့ အခါ မင်းတုန်းမင်းလို့ အမည်တွင်ခဲ့ခြင်း ဖြစ်ပါတယ်။ အလားတူပဲ မျဉ်ပြားမင်းဆိုတာ လည်း ငယ်စဉ်က မျဉ်ပြားရွာကို ရွာစားအဖြစ်ရရှိခဲ့ဖူးသူလို့ ဆိုလိုတာပါ။

မှန်နန်းရာဇဝင်တော်ကြီးမှာ -

"မင်းသားငယ်လက်ထက် မျဉ်ပြားရွာကို စားရသော ကြောင့် မျဉ်ပြားမင်း ဟုတွင်၏" ဆိုတဲ့ ဖော်ပြချက်ကို အလေး ပြုသင့်ကြပါတယ်။ မျဉ်ပြားရွာရဲ့ တည်နေရာနဲ့ ပတ်သက် လို့တော့ ရှာဖွေသုတေသန ပြုကြဖို့လိုပါလိမ့်မယ်။ မျဉ်ပြားရွာ အကြောင်းကို ယင်းခဲမောင်မောင်ရေးသားပြုစုတဲ့ ရမည်းသင်း သမိုင်းရာဇဝင်ဝတ္ထု စာအုပ်မှာ သဲလွန်စအချို့တွေ့ရပါတယ်။ ယင်းခဲမောင်မောင်ဆိုတာက ရတနာပုံခေတ်က ယင်းခဲမြို့စား မင်းသားအမည်ပဲ ဖြစ်ပါတယ်။

ယင်းခဲမောင်မောင်ဟာ ရမည်းသင်းသမိုင်း စာအုပ် အပြင် ရွှေမြင်တင်တောင် ဘုရားကြီးသမိုင်းနဲ့ မန္တလေး တောင်တော်ဘုရားသမိုင်း စာအုပ်တွေကိုလည်း ရေးသား ထုတ်ဝေခဲ့ပါသေးတယ်။ ရမည်းသင်းရာဇဝင်ကိုတော့ အင်္ဂလိပ် ခေတ်က မန္တလေး ပိဋကတ်ပုံနှိပ်တိုက်က တိုက်ရိုက် ထုတ်ဝေခဲ့ တာပါ။ အဲဒီစာအုပ်မှာ ဒလစား ကျော်စွာဟာ ခမည်းတော် တရုတ်မြေးမင်းရဲ့နန်းတွင်းရေးကြောင့် မထင်မရှားအသွင်နဲ့ ထွက်မြေး တိမ်းရှောင်လာရာက စတုဗ္ဗဟုံမြို့တည် ပျဉ်ပြားမင်း ငယ်စဉ်က မြို့စားအဖြစ်နေခဲ့ဖူးတဲ့ ပျဉ်ပြားရွာကြီးနားက မြင်းနားရွာကို ရောက်လာတဲ့အကြောင်း ဖော်ပြပါရှိပါတယ်။

ပျဉ်ပြားမြင်းနားရွာအနီးက ရွှေမြင်တင်တောင်တော် ဘုရားပွဲတော်အကြောင်း ကိုလည်း ထည့်သွင်းရေးသားထားပြီး မြို့တည်ဖို့ ဗြဟ္မကာစနွှတို့အဖွဲ့ ရွှေမြင်တင်တောင် အနီး ပျဉ်ပြားရွာမှာ တည်းခိုလေ့လာစုံစမ်းကြတဲ့ အကြောင်းလည်း ပါဝင်ပါတယ်။ ရမည်းသင်းမြို့ကို စတင်တည်ထောင်တဲ့ ခရစ်နှစ် ၁၃၀၄-ခုနှစ်လောက်က အခြေအနေကို သိပေါမင်းလက်ထက် နောက်ဆုံး ရမည်းသင်းမြို့သူကြီး ဦးမင်းနိုင်ရဲ့ မှုရပိုက် မှတ်တမ်းမှာ တွေ့ရပြီး အဲဒီပုံကို အခြေပြုပြီး အင်္ဂလိပ်ခေတ်က မြေတိုင်း အင်စပက်တော် ဦးအောင်လှက စကေးကိုက် ပြန်လည်ရေးဆွဲခဲ့ပါတယ်။ အဲဒီမြေပုံအရဆိုရင်ပျဉ်ပြားရွာက ရမည်းသင်းမြို့ဟောင်းရဲ့ မြောက်ဖက်မှာ ရှိဟန်တူပါတယ်။

ပျဉ်ပြားမင်းက စောခင်နှစ်မင်းနဲ့ မိဖုရားတို့က ခရစ်နှစ် ၈၁၆-ခုနှစ်လောက်မှာ ဖွားမြင်သူဖြစ်ပါတယ်။ မွေးချင်း

အစ်ကို တစ်ယောက်ကတော့ ခဲလှုံးမင်းပါပဲ။ သူက ပျဉ်ပြားမင်း မတိုင်မီကအုပ်စိုးခဲ့တဲ့ ပုဂံဘုရင်တစ်ပါးပါ။ ပျဉ်ပြားမင်းက ၂၃၊ ၁၂၊ ၈၄၉-ခုနှစ်(၂၁၁-ခု၊ ပြာသိုလဆန်း၊ ၆-ရက်)နေ့မှာ ပုဂံမြို့တော်သစ် တည်ထောင်ခဲ့သူ အဖြစ်ထင်ရှားခဲ့ပါတယ်။ ဝယ်စဉ်က ရမည်းသင်းနယ်ထဲက ပျဉ်ပြားရွာ ဒါမှမဟုတ် ပျဉ်ပြားမြို့ကို မြို့စားအရာ ရရှိခဲ့ဖူးတယ်။ ရမည်းသင်း မြို့တည်ချိန် ခရစ်နှစ် ၁၃၀၄-ခုနှစ်လောက်ကတော့ ပျဉ်ပြား ရွာစား အမည်ကို ဦးဉာဏလို့ ရာဇဝင်မှတ်တမ်း တစ်စောင်မှာ တွေ့ရပါတယ်။ ဦးဉာဏဟာ ရမည်းသင်းမြို့သစ် တည်ဆောက်ရေး လုပ်ငန်းကိုအကူအညီများစွာပေးခဲ့သူပါ။

ပျဉ်ပြားမြို့စားမင်းသားဟာ အသက်-၃၀အရွယ် ခရစ်နှစ် ၈၄၆-ခုနှစ်မှာ နန်းတက်ပါတယ်။ သူထီးနန်းရရှိပြီး သုံးနှစ်အကြာမှာ ပုဂံမြို့သစ်ကို တည်ခဲ့တာပါ။ ပျဉ်ပြားမင်းက ပုဂံမှာ အနှစ်(၃၀)ထီးနန်းစိုးစံပြီး အသက်(၆၀)အရွယ် မှာ နတ်ရွာစံလွန်ပါတယ်။ ဒါကတော့ ဇာတ်တော်ပုံ ရာဇဝင်ကျမ်း အရ သိရှိရတဲ့ အချက်တွေပါပဲ။

❑ ❑ ❑



**မြန်မာစာပေလောကမှာ ဘိုးသူတော်ဦးမင်းနဲ့ လှူဦးမင်းဆိုပြီး ဦးမင်းနှစ်ယောက် ရှိလေတော့ သူတို့ ရေးဖွဲ့ခဲ့တဲ့ စာပေ လက်ရာတွေကလည်း ရောနှောကုန်မှာပေါ့၊ အဲဒီစာပေတွေကို ဘယ်လိုခွဲခြား သတ်မှတ် ကြပါသလဲ။**

ကုန်းဘောင်ခေတ်လယ်ပိုင်းမှာ ဘိုးသူတော်ဦးမင်းနဲ့ လှူဦးမင်းသာမကပါဘူး။ မင်းထင်သက်ရှည်ဘွဲ့ခံ စာဆိုတော်ဦးမင်းဆိုတာ တစ်ယောက်ရှိပါသေးတယ်။ ဒါကြောင့် စုစုပေါင်း ဦးမင်း(၃)ယောက်ရှိပါတယ်။ ဒါကြောင့် စာပေ လက်ရာတွေကို ခွဲခြားသတ်မှတ်ဖို့က ထင်သလောက်တော့ မလွယ်ဘူးပေါ့။

ဘိုးသူတော်ဦးမင်းက ပင်းတလဲနယ် ရေဝေရွာဇာတိ ဖြစ်ပါတယ်။ ငယ်စဉ် အခါက ရှင်သာဓောဝတ်တော့ ရှင်ကုန္ဒာ ဘာသစ္စဘွဲ့ကိုရတယ်။ သူက အရပ်မြင့်မြင့်၊ မျက်နှာလုံးလုံး၊ အသားညိုတယ်။ ဘိုးတော်ဘုရားရဲ့သားတော်တောင်ငူမင်းသား ဆီမှာခစား အမှုထမ်းရတယ်။ ဘိုးသူတော် ဦးမင်းရယ်လို့တော့ အသက်ကြီးမှ အမည်တွင်တာပါ။ အသက်အရွယ်ရတော့ ဘိုးသူတော်ဝတ်သွားလို့ပါပဲ။ ဘိုးသူတော် ဦးမင်းက လှူဦးမင်းနဲ့ ပူးတွဲပြီး နှစ်ဦးစပ် ချေးချိုးကဗျာကလေးတွေ အမြောက်အမြား ရေးဖွဲ့ခဲ့တယ်။ တစ်ဦးတည်း ရေးဖွဲ့ခဲ့တဲ့ ဒွန်းချင်းတွေ၊ တေးထပ် တွေလည်း အများကြီးပါပဲ။

လှူဦးမင်းဆိုတာက ရွှေဘိုမြောက်ဘက် ခက်ခရွာ ဇာတိပါ။ အချို့ကလဲ ရေနံဇာတိလို့ဆိုကြတယ်။ ရေနံသူ

မခက်နဲ့ အိမ်ထောင်ကျခဲ့လို့ ဆိုကြတာထင်ပါရဲ့။ လှူဦးမင်းကို ၁၆၊ ဖေဖော်ဝါရီ၊ ၁၈၀၀ ပြည့်နှစ်မှာ မွေးမြင်တယ်။ နာမည်ရင်းက ကိုစံရွှင်လို့ခေါ်ပါတယ်။ သူက အရပ်မနိမ့်မမြင့်၊ ကိုယ်ပြားပြား၊ မျက်နှာပြားပြား၊ ပုဆိုးစပ်စင်းထည်တွေ အမြဲဝတ်တတ်တယ်။ ပြီးတော့ ပုဝါကိုလည်း အမြဲခေါင်းပေါင်းထားတတ်တယ်။ သာယာဝတီမင်း လက်ထက်မှာ နေမျိုးသီရိကျော်ထင်ဘွဲ့ခံ ကွမ်းဖိုးထိန်း၊ ပုဂံမင်းလက်ထက်ကျတော့ မင်းသားကြီးဦးကျောက်လုံးနဲ့ ရွှေကျင်မှာ လိုက်နေရတယ်။ မင်းတုန်းမင်းနန်းတက်စမှာ နေမျိုးသမ်ယာဘွဲ့ခံ နာခံတော်ရာထူးရသေးတယ်။ မင်းတုန်းမင်းလက်ထက် ၁၈၇၁-ခုနှစ်၊ အသက်(၇၁)နှစ် အရွယ်မှာ လှူဦးမင်း ကွယ်လွန်သွားတယ်။

လှူဦးမင်းရဲ့လက်ရာ (၁၂) ရာသီဘွဲ့ ကဗျာတွေ၊ တေးထပ်တွေ၊ လေးချိုးတွေ အများကြီးကျန်ရစ်ပါတယ် လှူဦးမင်းကွယ်လွန်တော့ အင်္ကျီအိတ်ထဲက ရတဲ့ထန်းရွက် စာမှာ "အရွတာရှေ့ နေ့ရှေ့လို့လွမ်း၊ နမမောင်ကို ချစ်တာမြင့်၊ နည်းရစ်တော့ဝမ်း"လို့ ရေးဖွဲ့ထားတာတွေ့ရတယ်။ ဦးမင်းရဲ့ကဗျာတွေထဲမှာ မင်းကြီးမဟာဝချူလာဘွဲ့၊ ရန်ကုန်မြို့ဝန် ရွှေကျင်မြို့စား မင်းကြီးဦးနိုင်ဘွဲ့၊ မင်းသားကြီး ဦးကျောက်လုံး အကြောင်း ကဗျာလင်္ကာတွေက ထင်ရှားပါတယ်။

လူသိနည်းနေသေးတဲ့ တတိယမြောက် ဦးမင်းကိုတော့ ရွှေတောင်စီရင်စု နွားမရုန်းရွာမှာ ၁၇၇၄-ခုနှစ်က မွေးမြင်ပါတယ်။ သူကရွာမှာ သာမဏေဝတ်နဲ့ စာပေကျမ်းဂန်တွေ

လေ့လာနေရာက အမရပူရ နေပြည်တော်တက်သွားပြီးဘိုးတော်ဘုရားရဲ့သားတော် ပုသိမ်မင်းသားဆီမှာ စာဆိုတော်အဖြစ်အမှုထမ်းရတယ်။ ၁၈၁၃-ခုနှစ်မှာ ပုသိမ်ဟိုင်းကြီးကျွန်းကဆားခွန်တော်ကို စားရတယ်။ ကန်ပြင်ရွာစား စည်သူကျော်ထင်လို့လည်း အမည်ထင်ရှားလာပါ တယ်။

ဦးမင်းက သာယာဝတီမင်းနန်းတက်စမှာ "ဘက်မနှုန်းသာဘူး" အစချီတဲ့ အင်္ဂရိတ်ပညာအခြေခံ ဘုန်းတော်ဘွဲ့ကိုဆက်သွင်းခဲ့တယ်။ ဒါကြောင့်လည်း အင်္ဂရိတ်ပညာကို ဝါသနာပါတဲ့ သာယာဝတီမင်းက သူ့ကို မင်းထင်သက်ရှည်ဘွဲ့နဲ့ လမိုင်းလယ်တော် ပယ်(၅၀)ချီးမြှင့်ခဲ့တာပေါ့။ သာယာဝတီမင်း ရန်ကုန်ဆင်းတော့ မင်းထင်သက်ရှည်ဘွဲ့ခံ ဦးမင်းလိုက်ပါသွားပါသေးတယ်။ ပုဂံမင်းလက်ထက်မှာလည်း ဆက်လက်အမှုထမ်းခွင့် ရခဲ့ပြီး မင်းတုန်းမင်း နန်းတက်စကာလ ၅၊ ဩဂုတ်၊ ၁၈၅၃-ခုနှစ်မှာ မင်းထင်သက်ရှည်ဘွဲ့ခံ ဦးမင်းကွယ်လွန်ပါတယ်။

❑ ❑ ❑



**ရတနာပုံခေတ်မှာ စက်ရုံ၊ အလုပ်ရုံတွေ အပြောက်အမြား ပေါ်ထွက်လာတော့ စက်ဝန်ဆိုတဲ့ ရာထူးသစ်တစ်ခုပါ ပေါ်ပေါက်လာကြောင်းသိရှိရပါတယ်။ အဲဒီစက်ဝန်ရာထူးကို နိုင်ငံခြားသားကိုပဲ ခန့်အပ်ခဲ့တယ်ဆိုတာ မှန်ပါသလား။**

စက်ဝန်ဆိုတဲ့ရာထူးက ရတနာပုံခေတ် မင်းတုန်းမင်း လက်ထက် စက်ရုံ အလုပ်ရုံတွေ အမြောက်အမြားပေါ်လာမှ အသစ်ခန့်ထားခဲ့တဲ့ ရာထူး ဖြစ်ပါတယ်။ဒါပေမယ့် စက်ဝန် ရာထူးကို အမြဲတမ်း နိုင်ငံခြားသား တွေကိုပဲခန့်အပ်ခဲ့တာတော့ မဟုတ်ပါဘူး။ ပထမဆုံး စတင်ခန့်အပ်ခဲ့တာမှန်ပါတယ်။ ဒါကလည်း စက်ရုံ၊ အလုပ်ရုံတွေ တည်ထောင်စကာလမှာ နိုင်ငံရပ်ခြားနဲ့ အဆက်အဆံ များပြားနေမှာ ဖြစ်တဲ့အလျောက် ဘာသာစကားကအစ ကျွမ်းကျင်နိုင်နင်းသူ ယုံကြည်စိတ်ချရတဲ့ နိုင်ငံခြားသားတွေကို ခန့်ထားခဲ့တာပါ။

ဒါပေမယ့်နောက်ပိုင်းသီပေါမင်းလက်ထက်မှာတော့ မြန်မာအမျိုးသားတစ်ဦးကို စက်ဝန်ရာထူးခန့်အပ်ခဲ့တာ လည်းတွေ့ရပါတယ်။ ပထမဆုံး စက်ဝန်ရာထူးရရှိခဲ့သူက ပြင်သစ်လူမျိုးမင်နန်ဒီအဝယ်ရားဆိုသူဖြစ်ပါတယ်။ သူက မင်းတုန်းမင်းလက်ထက်မှာ စက်ဝန်ရာထူး စတင်ရရှိခဲ့သူပါ။ စက်ဝန်မင်းက မင်းတုန်းမင်းတရားကြီးရဲ့ စိတ်ချ ယုံကြည်မှု ရရှိခဲ့သူဖြစ်ပြီး မိဖုရားခေါင်ကြီးရဲ့ တူမဒေါ်ခင်ရွှေမြင့်နဲ့ လက်ဆက်ခဲ့သူလည်း ဖြစ်ပါတယ်။ သူက မင်းတုန်းမင်း လက်ထက် ပြင်သစ်နိုင်ငံသွားသံအဖွဲ့မှာ အဖွဲ့ဝင် တစ်ယောက် အဖြစ် လိုက်ပါသွားခဲ့ဖူးပါတယ်။

ဖူးပွင့်မကျိုင်

စက်ဝန်မင်းကို မင်းတုန်းမင်းတရားက မဟာသူရသိဒ္ဓိဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ သီပေါမင်းနန်းတက်စ ညောင်ရမ်း၊ ညောင်အုပ်မင်းသားတွေကို နေပြည်တော်က ဗြိတိသျှပိုင်နက် အောက်မြန်မာနိုင်ငံအတွင်းသွားရောက်နိုင်အောင် ကူညီခဲ့တဲ့အတွက် စက်ဝန်မင်းအလုပ်ပြုတ်သွားပါတယ်။ အရင်တုန်းကတော့ သူက နေပြည်တော်မှာ ရှိတဲ့ စက်ရုံပေါင်း(၅၀)ကျော်အနက်က အထူးသဖြင့် ဒင်္ဂါးစက်ရုံကို ကြီးကြပ်ခဲ့ရသူဖြစ်ပါတယ်။ စက်ဝန်မင်းရာဇဝတ် သင့်ခဲ့ပေမဲ့ ထွက်ပြေးလွတ်မြောက်ပြီးပြည်မြို့မှာ သွားနေပါတယ်။သားသမီး (၆)ဦး ထွန်းကားခဲ့ပြီး အသက်(၉၉)နှစ် အရွယ် ပြည်မြို့မှာပဲ ကွယ်လွန်ခဲ့ ပါတယ်။ ဟင်နရီဂျေဒဖါနန်ဒီအာဇယ်ရား ခေါ် ဦးမောင်မောင်ကြီးဟာ ပါလီမန် အမတ်တစ်ဦးဖြစ်ပြီး စက်ဝန်မင်းရဲ့သားအငယ်ဆုံးပါပဲ။

သီပေါမင်းလက်ထက်မှာ ပြင်သစ်လူမျိုးစက်ဝန်မင်း ဖင်နန်ဒီအာဇယ်ရားကို မြန်မာလူမျိုး ဦးရဲထင်က ဆက်ခံပါတယ်။ ဦးရဲထင်ဟာ စက်ဝန်အပြင် ယွန်းစုဝန်ရာထူးကိုပါ ပူးတွဲ ထမ်းဆောင်ခဲ့ ရပါတယ်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ဖြစ်ပွားတော့ ဦးရဲထင်ဟာ ဖောင်ဝန်မင်းရဲ့ တပ်မှာဝင်ရောက် အမှုထမ်းခဲ့ရတယ်။ တာဝန်ကျတဲ့ နေရာကတော့ မလွန်မြို့အနီး ပန်းတော်ပြင်ကတုတ်မှာပါပဲ။ ၁၇၊ နိုဝင်ဘာ ၁၈၈၅ခုနှစ် ဦးကင်းဘုရားဝန်းကျင်တိုက်ပွဲမှာ မြန်မာဘက်က ဖောင်ဝန် ဦးသောင်နဲ့ စက်ဝန်ဦးရဲထင်တို့ ကျဆုံးသွားကြကြောင်း အင်္ဂလိပ်

မှတ်တမ်းက ဆိုပါတယ်။ ဒါပေမယ့် ဦးရဲတင်တိုက်ပွဲမှာ ကျမသွားပါဘူး။

သီပေါမင်းပါတော်မူပြီးတော့ ဦးရဲတင်က အင်္ဂလိပ်နယ်ချဲ့ စစ်တပ်ဖွဲ့ ကိုယ်ထောင်ရာမှာ ထောက်ထားဆဲငွေ ၂၄၇၉ ကျပ်ကို ဗြိတိသျှ အစိုးရဆီတောင်းခဲ့တာ တွေ့ရတယ်။ ပြီးတော့ "မာမက်သာထက်" ဆိုတဲ့ နိုင်ငံခြားသား တစ်ယောက်ရဲ့အမှုမှာ သက်သေ ဝင်ရောက်ထွက်ဆိုထားတာတွေ့ရပါတယ်။ ၁၉၁၂-ခုနှစ် သီပေါမင်းကို အကျဉ်းချထားရာ ရတနာဂီရိကို လိုက်ပါ လိုသူတွေစာရင်းလိုက်ကောက်တော့ စက်ဝန်ဟောင်း ဦးရဲတင်နဲ့ လနီးတို့လည်း စာရင်းပေးသွင်းကြတာမတွေ့ရပါတယ်။ ဦးရဲကာင်ရဲ့ မင်းပေးဘွဲ့မည်ကိုတော့ မင်းရဲညွန့်လို့တွေ့ရတယ်။

❑ ❑ ❑



ပုဂံခေတ်ကာလက အရည်းကြီးတွေ ကြီးကြပ်အုပ်ချုပ်တဲ့ ပွဲကျောင်းတွေ ပေါ်ပေါက်ခဲ့ဖူးကြောင်း၊ အဲဒီ ကျောင်းတွေမှာ မြင်းစီး၊ ဓားခုတ်၊ လှံထိုးတဲ့ အတတ်ပညာတွေ သင်ကြားခဲ့ ကြကြောင်း ကြားဖူးပါတယ်။ အဲဒီကျောင်းတွေက တကယ်ရော ရှိခဲ့ပါသလား။ ရှိခဲ့ရင်လဲ ဘယ်အချိန်အထိတည်တံ့ခဲ့ပါသလဲ။

ပွဲကျောင်းအယူအဆနဲ့ ပတ်သက်လို့တော့ အမှတ် အသား ကွဲပြားမှုတွေ ရှိပါတယ်။ ပုဂံခေတ်အနော်ရထာမင်း လက်ထက်မှာ အရည်းကြီးသုံးကျိပ်နဲ့ နောက်ပါ တပည့်တွေကို လူဝတ်လဲပြီး မင်းမှုထမ်းခိုင်းတယ်။ ပြီးတော့ ရှင်အရဟံ ဦးဆောင်ပြီး သာသနာတော်ကို သန့်ရှင်းစင်ကြယ်အောင် လုပ်တယ်။ အဲဒီအထဲမှာလွတ်ရာ ကျွတ်ရာ ထွက်ပြေး လွတ်မြောက်သွားကြပြီး လောကီမှုတွေကို မစွန့်လွှတ်နိုင်ကြတဲ့ ရဟန်းမိုက်တွေက ကျောင်းတွေတည်ထောင်ပြီး လောကီ ပညာရပ်တွေ သင်ကြားပေးကြရာက ပွဲကျောင်းတွေပေါ်ပေါက် လာကြောင်းဆိုကြပါတယ်။

အင်းဝခေတ်မှာ ပွဲကျောင်းဆရာတော်သံဃာအစုတွေ ပိုမိုအစွမ်းထက်လာပြီး အချို့မင်းဆရာ အဆင့်(သံဃာ့ရာဇာ) ဖြစ်လာကြပါတယ်။ပွဲကျောင်းဆရာတော်တွေဟာသတိုးမင်းဖျား လက်ထက် အင်းဝမြို့တော်သစ်တည်ရာမှာ အရေးပါတဲ့ အခန်းကဏ္ဍကပါဝင်ခဲ့ကြသလိုမင်းကြီးစွာရဲ့သားမင်း၊ ၈ါးဘုရင် လက်ထက်၊ ကလည်း အတော်နေရာရ ခဲ့ကြပါတယ်။ ဘုရင် မင်းခေါင်ကို သံဃိုင်က လက်ဝှေ့ထိုးသတ်တာ ဝါသနာပါပြီး

သူ့ရဲ့ ပွဲကျောင်း ဆရာတော်ကလည်း သံဃာရာဇာဖြစ်လာတော့ ပွဲကျောင်းဂိုဏ်းတွေ အရေးပါလာတော့တယ်။

ဒါပေမယ့် အရည်းကြီးတွေကစတင်ခဲ့တယ်ဆိုတဲ့ ပွဲကျောင်းအယူအဆနဲ့ ပတ်သက်လို့ ကျောက်စာ အထောက်အထားတွေနဲ့တော့ ကွဲလွဲမှုရှိပါတယ်။ အရည်းဆိုတာ အရညဝါသီက ဆင်းသက်လာပုံရတယ်လို့ မှန်းဆကြတယ်။ ဝိနယကို ဝိနည်းလို့ ခေါ်ကြသလို "အရည"က အရည်းဖြစ်လာဟန် ရှိပါတယ်။ ဒါပေမယ့် ဒီ အရည်းဆိုတဲ့ ဝေါဟာရကို ပုဂံခေတ်ဦးကာလ ကျောက်စာတွေမှာ လုံးဝမတွေ့ ရှေးကြောင်းပညာရှင်အချို့က ဆိုပါတယ်။ အရည်းကို ပုဂံခေတ်နှောင်းလောက်မှာပဲ တွေ့ရှိတယ်။ အရည်းရဲ့ အဓိပ္ပာယ်ကို သာသနာလင်္ကာရစာတမ်းမှာ "သိက္ခာမတောင် သိမ်မဝင်ဘဲ ရသေ့ရဟန်းအသွင်နှင့်နေသူ"လို့ တွေ့ရပါတယ်။

အရည်းကြီးတွေ အုပ်ချုပ်တယ်ဆိုတဲ့ ကျောင်းတွေကို ကျောက်စာမှာ "တောကျောင်း" လို့ ခေါ်တာတွေ့ရတယ်။ တောကျောင်းဘုန်းတော်ကြီးတွေဟာ ဝိနည်းစောင့်ထိန်းတဲ့နေရာမှာ လျော့နည်းမှုရှိပြီး မြေယာ အများအပြားကိုလည်း ပိုင်ဆိုင်ကြတယ်။ အဆိုးဝါးဆုံးက ကျောင်းပေါ်မှာ အရက်သေစာသောက်စားကြတဲ့ ကိစ္စပါပဲ။ အလှူဒါနပြု ကြတဲ့အခါ ကြက်၊ ဝက်၊ နွား စတဲ့ အသားဟင်းလျာတွေကို ချက်ပြုတ်ပြီး အရက်သေစာနဲ့ တွဲဖက်စားသုံးကြတယ်။ ကျောက်စာအရ အခမ်းအနား တစ်ခုမှာ နွားတစ်ကောင်၊ ဝက်တစ်ကောင်နဲ့ အရက်အိုးအလုံး(၃၀)တောင် ကုန်သွားတာတွေ့ရပါတယ်။

မြန်မာရာဇဝင်ကျမ်းတွေမှာတော့ အင်းဝခေတ်က လက်ရေးအကျော်အမော် တွေဟာ ပွဲကျောင်းထွက်တွေလို့ ဆိုပါတယ်။ ဘုရင်မင်းခေါင်လက်ထက်မှာ အောင်စည်းနဲ့ အမည်ရတဲ့ ပွဲကျောင်းဆရာတော်ကြီး တစ်ပါးက ထင်ရှားခဲ့ပြီး ဘုရင်မင်းမြတ်ရဲ့ အားပေးအားမြှောက်မှုကို ခံခဲ့ရပါတယ်။ ညောင်ရမ်းခေတ် အနောက်ဘက်လွန်မင်း လက်ထက် တောင်ငူကိုသွားရောက်တိုက်ခိုက်ခဲ့စဉ်ကလည်း ဂါမဝါသီပွဲကျောင်း ဂိုဏ်းဝင် ဖြစ်တဲ့ ထီးလှိုင်ဆရာတော်ရဲ့ အကူအညီကြောင့်သာ တောင်ငူကို အောင်နိုင်ခဲ့ကြောင်း ရာဇဝင်မှတ်တမ်းတွေမှာ တွေ့ရှိရပါတယ်။

ကုန်းဘောင်ခေတ် ရောက်တော့ ပွဲကျောင်းတွေရဲ့ အခန်းကဏ္ဍက အတော်အတန်မှေးမှိန်နေပါပြီ။ အုပ်ချုပ်သူ ဘုရင်တွေက အလေးထားမှုမရှိတာ ကြောင့်လည်း တစ်ကြောင်း ပါဝင်ပါတယ်။

❑ ❑ ❑



**မြန်မာဘုရင်များလက်ထက်မှာ ရွာအမည်စံထားပေမဲ့ မြို့အဆင့် သတ်မှတ်ခံရတဲ့ မြို့တွေရှိကြောင်း မှတ်သားရဖူးပါတယ်၊ အဲဒီမြို့တွေအကြောင်း သိလိုပါတယ်။**

မြန်မာဘုရင်လက်ထက်မှာ ထင်ရှားခဲ့တဲ့ ရွာအမည်ခံ မြို့အချို့ကတော့ မုံရွာ၊ ရွာငံ၊ ကွပ်ရွာ စသည်တို့ပါပဲ။ မုံရွာ၊ ရွာငံစတဲ့ မြို့တွေဟာ ဒီနေ့အထိထင်ရှားလှပြီး ကွပ်ရွာကတော့ တိမ်မြုပ်ပျောက်ကွယ်စပြုနေပါပြီ။

မုံရွာကို ပုဂံကျောက်စာတွေမှာ မုန်ရွာအမည်နဲ့တွေ့ ရပါတယ်။ အင်းဝခေတ် သာလွန်မင်းလက်ထက် (၁၆၂၉-၄၈) ကမ်းနီးစစ်တမ်းမှာလည်း "အရှေ့ကိုလားသော် လှေကူးမုံရွာ မြေဝယ်ကျောနိုင်း" လို့တွေ့ရတယ်။ ဒါကြောင့် မုံရွာဟာ အစောပိုင်း ကာလကတည်းက တည်ရှိခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ပြီးတော့ ၁၆၈၈-ခုနှစ် တိုက်နယ် အုပ်စု အလိုက်စာရင်းမှာ ကျတော့ မုံရွာကိုမြောက်ဘက်တိုက်အဝင်ကျေးရွာတစ်ရွာအဖြစ် တွေ့ရတယ်။ အလောင်းမင်းတရား နန်းတက်စ ၁၇၅၃-ခုနှစ်မှာ မုံရွာမြို့သူကြီး ဦးမင်းကြာဟာ အလောင်းမင်းတရားဆီ ဝင်ရောက် ခိုလှုံသစ္စာခံခဲ့တယ်။

၁၈၂၀-ခုနှစ်ဝန်းကျင်မှာ မုံရွာက ဈေးနဲ့တကွ စည်ကားရာဒေသ ဖြစ်နေပြီလို့ ဆရာတော်ဦးဇုတ်ရဲ့ ရွှေစက်တော်သွား တောလားအရသိရှိရပါတယ်။ မုံရွာသူကြီး အဆက်ဆက်ရဲ့ အမည်နဲ့ပတ်သက်လို့လည်း စစ်တမ်းအရ အနည်းငယ်သိရှိရပါတယ်။ ၁၈၀၂-ခုနှစ် စစ်တမ်းဆက်သွင်း

ချိန်က သူကြီး ဦးအိုအုပ်ချုပ်ပါတယ်။ ပုဂံမင်း လက်ထက်မှာတော့ မြို့သူကြီးဦးပေါ်ဦးက အုပ်ချုပ်ပါတယ်။ မင်းတုန်းမင်း နန်းတက်စမှာ နောက်ထပ် ဦးအို တစ်ယောက် မြို့သူကြီးအရာ ရပြန်တယ်။ သူ့ကို ဦးချစ်စုက ဆက်ခံပြီး ဒေသခံလူထုနဲ့ ဆက်ဆံရေးမပြေဖြစ်လို့ ဦးချစ်စု အလုပ်ပြုတ်သွားတယ်။ သူ့နေရာမှာ ဦးသာအို သူကြီးဖြစ်လာတယ်။ နောက်ပိုင်း ဘယ်သူဘယ်ဝါတွေ ဆက်ခံကြတယ်ဆိုတာ တော့မသိရပါဘူး။

ရှောင်မြို့ဆိုတာကတော့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ရှိတယ်။ ရှောင်ကို နရပတိစည်သူမင်းလက်ထက် ကတည်းက တည်တာလို့လဲ ဆိုကြတယ်။ ရှောင့်လို့ ခေါ်တဲ့ခေတ္တဆိုင်းငံ့ရာ ရွာအမည်ကနေ ရှောင်ဖြစ်လာသတဲ့။ ရှောင်မှာ ဓနု တိုင်းရင်းသား တွေအများဆုံးနေကြပြီး ငွေသတ္တုထွက်ရာဒေသမို့ ငွေခွန်မှူးက အုပ်ချုပ် ရတယ်။ ၁၈၀၂-ခုနှစ် စစ်တမ်းဆက်သွင်းတော့ ငွေခွန်မှူးမောင်အောက ဆက်သွင်းရတယ်။ မောင်အောကို ဆက်ခံခဲ့သူတွေက မောင်ရ၊ မောင်အို၊ မောင်ထွန်းလင်းတို့ပါပဲ။ ငွေခွန်မှူး မောင်ထွန်းလင်းက နယ်သူနယ်သားတွေအပေါ် ညှင်းပန်းလွန်းလို့ ၁၈၆၃ - ခုနှစ်မှာ ရာထူးကျသွားတယ်။ သူ့နေရာမှာ ငွေခွန်မှူးအဖြစ်မောင်ညိုစိမ့်ကို ခန့်အပ်ခဲ့ကြတယ်။ ရှောင်အပါအဝင် ငွေခွန်မှူးအုပ်ချုပ်ရာနယ်မြေတွေကို စုပြီး မြေလတ်ဝန်က တာဝန်ယူကြီးကြပ်အုပ်ချုပ်ရပါတယ်။

ကွပ်ရွာဆိုတာကတော့ အမရပူရနယ်ထဲမှာ ရှိခဲ့ဖူးပါတယ်။ အဲဒီအမည်က ရွှေဖျဥ်းညီနောင်ဇာတ်လမ်းနဲ့ လည်းဆက်နွှယ်နေပါတယ်။ ဆုတောင်းပြည့်စေတီတည်ရာမှာ

ဗုဒ္ဓနဲ့ မယ်ဝဏ္ဏာတို့ရဲ့ သားနှစ်ယောက်ဖြစ်တဲ့ ရွှေဖျဉ်းညီနောင်တို့ ကာဝန်ပေါ့လျော့ခဲ့ကြတယ်လို့ဆိုပါတယ်။ ဒါကြောင့် သူတို့ ရာဇဝတ်သင့်တော့ ရိုက်နှက်ဆုံးမဖို့ ဝါးရင်းတုတ်ရှာပေးရာ ရွာကို ဝါးရင်းတုတ်ရွာ၊ ကွပ်မျက်စီရင်ရွာကို ကွပ်ရွာလို့ ခေါ်ကြောင်း ဆိုကြပါတယ်။ ကွပ်ရွာအမည်ကိုတော့မျက်မှောက် ခေတ်မှာ မတွေ့ရတော့ပါဘူး ကုန်းဘောင်ခေတ်လယ် လောက်မှာ ကွပ်ရွာဟာ မြို့အဆင့်ရှိပြီး မြို့စားအရာပေးအပ်ရာ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ပုဂံမင်းလက်ထက် သတိုးမင်းကြီး မဟာမင်းခေါင်ကျော်ဘွဲ့ခံ ဦးစိုးဟာ ကွပ်ရွာမြို့စားဝန်ကြီးပါပဲ။

မြန်မာနိုင်ငံနေရာအနှံ့အပြားမှာ အခြားရွာအမည်နဲ့ ထင်ရှားတဲ့မြို့တွေ အများအပြားရှိနိုင်ပါသေးတယ်။

❑ ❑ ❑

ဖူးပွင့်မဟ္လိုင်



**ကုန်းဘောင်ဘုရင်တွေထဲမှာ အလောင်းမင်းတရားကတော့ ရန်ကုန်မြို့ကို စတင်တည်ထောင်သူဆိုတော့ ထားပါတော့၊ ကျန်တဲ့ ဘုရင်တွေကရော ရန်ကုန်မြို့ကို ရောက်ဖူးကြပါ သလား။**

အလောင်းမင်းတရားက ၂ ၊ ၅၊ ၁၇၅၅-ခုနှစ်မှာ ရန်ကုန်မြို့ကို စတင် တည်ထောင်ပါတယ်။ အဲဒီအချိန် ကာလ ဝန်းကျင် ကတော့ အလောင်းမင်းတရားက ရန်ကုန်မြို့တစ်ဝိုက် မှာပဲ အချိန်ကုန်ခဲ့ပါတယ်။ မေလ(၁၈)ရက်နေ့ မှာတာမွေခံတပ် ကိုသွားရောက်တိုက်ခိုက်တယ်။ မေ(၂၇)ရက်မှာ ဘောင်လင်း မနစ်ကို တိုက်တယ်။ ဇွန်လ(၁)ရက်နေ့မှာ ဒလကို သိမ်းပြီး ရန်သူ့မွန်တပ်တွေအပေါ် အုပ်စီးနိုင်ပြီဆိုမှ ရတနာ့သိယ်ကို ပြန်သွားတာပါ။ ဒါတောင် ၄၊ ၂ ၊ ၁၈၅၆-ခုနှစ်မှာ သံလျင်ကို တိုက်ဖို့ ဒုတိယအကြိမ် ရန်ကုန်ဆင်းလာရပြန်တယ်။ သံလျင်ကို အောင်မြင်လို့ နေပြည်တော် ပြန်သွားပြီးတဲ့နောက်မှာတော့ ၂၈၊ ၁၂၊ ၁၇၅၉-ခုနှစ်ကျမှ ရန်ကုန်ကို တစ်ခေါက် ထပ်ရောက်လာ ပါတယ်။ အဲဒါကတော့ သူ့ရဲ့နောက်ဆုံးခရီးပါပဲ။

နောင်တော်ကြီး(ဒီပဲယင်းမင်း)က ရန်ကုန်ရောက်ဖူးခဲ့ပုံ မပေါ်ပါဘူး။ သူက ၆၊ ၄၊ ၁၇၅၆-ခုနှစ် မတိုင်မီ ကတည်းက အိမ်ရှေ့မင်းရာထူးရထားတာဆိုတော့ အလောင်းမင်းတရား ရန်ကုန်သွားတိုင်း မြို့စောင့်တာဝန်ယူခဲ့ရတယ်။ သူဘုရင်ဖြစ်ပြန် တော့လည်း(၃)နှစ်ပဲ ထီးနန်းစိုးစံရပြီး အဲဒီအတောအတွင်း မှာလည်း မင်းခေါင် အနော်ရထာရဲ့ ပုန်ကန်မှု၊ ဘထွေးတော် သတိုးသိန်ခသူ ဘွဲ့ခံ ဦးရွှေကြူရဲ့ တော်လှန်ထကြွမှုတွေကို

နှိမ်နင်းနေရလို့ ရန်ကုန်မလာဖြစ်ပါဘူး။ သူ့ကိုဆက်ခံတဲ့ ဆင်ဖြူရှင် (မြေဒူးမင်း)ကတော့ မင်းသားဘဝကတည်းက ဖခင်နဲ့အတူ လိုက်ပါအမှုထမ်းနေသူ ဆိုတော့ ရန်ကုန်ကိုရောက်ဖူးတာပေါ့။

ဆင်ဖြူရှင်မင်းနန်းတက်လာပြီးတဲ့နောက် ၈၊ ၁၊ ၁၇၇၅-ခုနှစ်မှာရန်ကုန်ကို အခမ်းအနားနဲ့ ဆင်းလာတယ်။ မတ်လ(၁)ရက်နေ့မှာ ရန်ကုန်ရောက်ပါတယ်။ အဲဒီတုန်းက ရန်ကုန်မြို့တော်ဟောင်းရဲ့ အနောက်မြောက်ဘက် ယွန်းယွန်းတာ (၆၀၀) လောက်အကွာ (အခု ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရုံးချုပ်ဝန်းကျင်)မှာ ယာယီ နန်းစံတယ်။ မတ်လ (၅)ရက် နေ့မှာ ရွှေတိဂုံစေတီတော်မှာ ထီးတင်ပွဲကျင်းပပြီး မေလ (၃) ရက်နေ့မှာ နေပြည်တော်ပြန်သွားပါတယ်။ ဆင်ဖြူရှင်ကို ဆက်ခံတဲ့ စဉ့်ကူးမင်းကတော့ မင်းသားဘဝ ဖခမည်းတော်ရန်ကုန် ဆင်းတုန်းက အတူလိုက်ပါ ရောက်ရှိခဲ့ ရဟန်တူပါတယ်။

ဘိုးတော်ဘုရားအနေနဲ့ မင်းသားဘဝက ရန်ကုန်ကို ရောက်ဖူးခဲ့ခြင်းရှိမရှိတော့ အမှတ်အသား အထင်အရှား မတွေ့ရပါဘူး။ ဒါပေမယ့် ထီးနန်းစိုးစံကာစ ယိုးဒယားကို စစ်ချီတော့ ရန်ကုန်ကို တစ်ကြိမ်ရောက်လာခဲ့ ပါသေးတယ်။ ၁၂၊ ၁၁၊ ၁၇၈၅-ခုနှစ်မှာ နေပြည်တော်မှ စတင်ထွက်ခွာရာ ဘိုးတော်ဘုရား ကိုယ်တိုင်လိုက်ပါတဲ့အကြောင်း၊ ဒါပေမယ့် ရိက္ခာ အခက်အခဲကြောင့် ဘိုးတော်ဘုရား ၆၊၂၊ ၁၇၈၆-ခုနှစ်မှာ

ထားရိုက် သဏ္ဌာယ်မြင်ယာယီနန်းကနေ နေပြည်တော် ပြန်ပါတယ်။ အပြန်ခရီးမှာ မိသားစုနဲ့ ရန်ကုန်မှာ ချိန်းဆိုပြီး ရွှေတိဂုံဘုရားဝင်ဖူးခဲ့ပါသေးတယ်။

ဘိုးတော်ဘုရားကို ဆက်ခံတဲ့ ဘကြီးတော် (စစ်ကိုင်းမင်း) ကတော့ သူ့ကိုဆက်ခံတဲ့ ညီတော် သာယာဝတီမင်း ရန်ကုန်ဆင်းအလာမှာ နန်းကျဘုရင်အဖြစ် ရန်ကုန်ရောက်လာခဲ့ရပါတယ်။ ဘကြီးတော်ဟာ ၁၈၁၉-ခုနှစ်မှာ နန်းတက်ပြီး ၁၈၃၇-ခုနှစ်မှာ နန်းကျသွားတယ်။ ဒါပေမဲ့ နောက်ဆက်ခံတဲ့ ညီတော်သာယာဝတီမင်း က သူ့ကို ကောင်းကောင်းမွန်မွန်ထားပါတယ်။ ၆၊ ၉။ ၁၈၄၁-ခုနှစ်မှာ သာယာဝတီမင်း အမရပူရကစထွက်ခွာတယ်။အောက်တိုဘာလ (၂) ရက်နေ့မှာ ရန်ကုန်ရောက်လာပါတယ်။ ရန်ကုန်ရောက်နိုက် ရွှေတိဂုံဘုရား သွားဖူးတော့လဲ နန်းကျဘုရင် ဘကြီးတော် (စစ်ကိုင်းမင်း)လိုက်ပါခွင့်ရတယ်။ သံလျင်ကျိုက်ခေါက်ဘုရား တောင် သွားဖူးကြတယ်။

သာယာဝတီမင်းနဲ့အတူ နောင်သူ့ကို ဆက်ခံမဲ့ သားတော် ပုဂံမင်းသားလည်း လိုက်ပါလာတယ်။ ပြီးတော့ နောင်ဘုရင်ဖြစ်လာမဲ့ မင်းတုန်းမင်းသားလဲပါတယ်။ ဒါကြောင့် ဒီဘုရင်တွေဟာ မင်းသားဘဝ ကတည်းက ရန်ကုန် ရောက်ဖူး ကြတယ်လို့ ဆိုရမှာပါ။ ပုဂံမင်းသားနေတဲ့ အိမ်နေရာမှာ ဘုရားတည်ခဲ့လို့ နောင်အိမ်တော်ရာ ဘုရားလို့ အမည်တွင်ပါတယ်။ (အခုမြို့မကျောင်းလမ်းပေါ်က စေတီပါပဲ။) မင်းတုန်းမင်းကတော့ မင်းသားဘဝက ခမည်းတော် နဲ့

ရန်ကုန်ဆင်းဖို့ မြစ်ဆိပ်ရောက် အမှတ်တမဲ့ ရေထဲလိမ့်ကျခဲ့သေးလို့ သူ့အတွက် အမှတ်တရ ဖြစ်ခဲ့ရပါသေးတယ်။ ကံကောင်းလို့ လှေထိုးသားမောင်ရွှေလုံး(နောင်သုရဲဝန်)ရဲ့ ကယ်တင်မှုကြောင့် အသက် ချမ်းသာရာရခဲ့တာ။

ကုန်းဘောင်မင်းဆက်ရဲ့ နောက်ဆုံးဘုရင်သီပေါမင်းကတော့ ရန်ကုန်မြေ ကိုတောင်နင်းခွင့် မရခဲ့ပါဘူး။ ၅၊၁၂၊၁၈၈၅-ခုနှစ်မှာ ရန်ကုန်ရောက်လာခဲ့ပေမဲ့ မြစ်ထဲက သင်္ဘောပေါ်မှာပဲ နေခဲ့ရတယ်။ ဒီဇင်ဘာ(၁၀)ရက်နေ့မှာ "ကင်းနင်း" သင်္ဘောနဲ့ ရန်ကုန်က ဆက်လက်ထွက်ခွာကြရတယ်။ ရွှေတိဂုံဘုရားကိုတောင် မြစ်ထဲသင်္ဘော ပေါ်ကပဲ ဖူးမြော်ခွင့်ရလိုက်တော့တယ်။

❑ ❑ ❑



**မောင်းကားစားမောင်မောင်က ကုန်းဘောင်မင်းဆက်မှာ နန်းသက်အတိုဆုံးဘုရင် ဖြစ်ပြီး ခုနစ်ရက်သာ ထီးနန်း စိုးစံခဲ့ရကြောင်း သိရှိရပါတယ်၊ မောင်းကားစား မောင်မောင်မှာ သားသမီးမြေးမြစ်တွေ ရှိပါတယ်၊ အဲဒီဘုရင်ရဲ့ အဆက်အနွယ် တွေအကြောင်းသိလိုပါတယ်၊**

မောင်းကားစားမောင်မောင်ကို ၁၂၊ ၉၊ ၁၇၆၃-ခုနှစ်မှာ ဒီပဲယင်းမင်းလို့ ခေါ်တဲ့ နောင်တော်ကြီးနဲ့ မိဖုရားခေါင် မှူင်ဖြိုးဦးတို့က ဖွားမြင်ခဲ့တာပါ။ ဖခမည်းတော် ဒီပဲယင်းမင်းက အလောင်းမင်းတရားရဲ့ အကြီးဆုံးသားတော်ဖြစ်ပြီး မယ်တော်ရှင် ဖြိုးဦးကတော့ ယင်းတောဝန်ကြီးနဲ့ ဝန်ကတော် တို့က ဖွားမြင်သူဖြစ်ပါတယ်။ မောင်းကားစား မောင်မောင်ရဲ့ ငယ်ရွယ်စဉ်ဘဝအကြောင်း အမှတ်အသားသိပ်မတွေ့ရ သေးပါ။ သူ့မိခင်ရှင်ဖြိုးဦး အကျဉ်းချထားခံရစဉ် ကတော့ မောင်မောင်တို့သားအမိ ညှိုးညှိုးငယ်ငယ်နေခဲ့ရပုံပါပဲ။ နောက်ပိုင်း မောင်းကားရွာစားဖြစ်လာတယ်။

မောင်မောင်ဘုရင် ဖြစ်တော့ အသက်(၁၉)နှစ် အရွယ်ပဲရှိပါသေးတယ်။ သူက တစ်ဝမ်းကွဲညီတစ်ကို စဉ့်ကူးမင်း လက်ထက် ၅၊ ဖေဖော်ဝါရီ၊ ၁၇၈၂-ခုနှစ်မှာ ဘုရင် ဟန်ဆောင်ပြီး မာန်အောင်တံခါးက ဝင်ရောက်ထီးနန်းသိမ်းပိုက် ခဲ့သူ ဖြစ်ပါတယ်။ စဉ့်ကူးမင်းက အချိန်မတော် အမြို့ယာစ် သောက်စားပြီး နေပြည်တော်ပြန်ဝင်ရောက် နေကျဆိုတော့ ထီးနန်းကိုအလွယ်တကူပဲသိမ်းပိုက်ရရှိခဲ့ပါတယ်။မောင်မောင်က နန်းတော်ကို စီးမိပြီဆိုတာနဲ့ မှူးမတ်အားလုံးကို မြေနန်းတော်

အရှေ့မှာ ကြိုးနဲ့ ချည်နှောင်ဖမ်းဆီးထားလိုက်တယ်။ ပြီးတော့ မဟာသီလဝနဲ့ စနွနရာတို့က မြို့တံခါး အသီးသီးကို ဝင်ရောက် သိမ်းပိုက်လိုက်တယ်။

မောင်းကားစားမောင်မောင်က နန်းသက်ခုနစ်ရက်ပဲ ထီးနန်းစိုးစံခွင့်ရခဲ့တာပါ။ အဲဒီအချိန်မှာ စဥ္စကူးမင်းက အညာသီဟတောဘုရားသွားဖူးနေတုန်းပဲ ရှိသေးတယ်။ အဲဒီညက ရုတ်ရုတ်သဲသဲဖြစ်တော့ ဇေတဝန်အဆောင်တော်မြ မယ်ဇလီစားထွက်ပြေး လွတ်မြောက်သွားပြီး စဥ္စကူးမင်းကို သွားပြောတော့မှ နန်းသိမ်းခံရမှန်းသိရတာ။ ဒါပေမယ့် မောင်းကားစားမောင်မောင်ကို ခုနစ်ရက်မြောက်နေ့ ၁၁၊ ၂၊ ၁၇၈၂-ခုနှစ်မှာဗဒုံမင်း (ဘိုးတော်ဘုရား)ကဝင်ရောက်တိုက်ခိုက် ထီးနန်း သိမ်းပိုက်ပစ်လိုက်ပါတယ်။

မောင်းကားစားမောင်မောင်က နန်းသက် အရမ်း တိုတာရယ်၊ လုပ်ကြံစီရင်ခံရ ဟာဓိတ္တရယ်ကြောင့် သူနဲ့ ပတ်သက်တဲ့ မှတ်တမ်းမှတ်ရာရယ်လို့ သိပ်မကျန်ရစ်ခဲ့ပါ။ ကျန်ရစ်ရင်တော့ ဖျက်ဆီးခံရမယ် အခြေအနေမှာရှိပါတယ်။ မောင်းကားစား မောင်မောင်မှာ မိဖုရား(၂)ပါးရှိပါတယ်။ တစ်ပါးက ကျီဝန်အတွင်းဝန် ဦးထွန်းရဲ့ အစ်ကိုဦးရွှန်းရဲ့သမီး ရှင်ဗိုင်းတုတ် ဖြစ်ပါတယ်။ ရှင်ဗိုင်းတုတ်က မိဖုရားခေါင်လို့ မှတ်ယူရမယ် ထင်ပါတယ်။ မောင်းကားစားမောင်မောင်နဲ့ အတူလုပ်ကြံစီရင်ခံရသူပါ။ မောင်းကားစားမောင်မောင် နဲ့ ရှင်ဗိုင်းတုတ်တို့က သားတစ်ယောက် ဖွားမြင်ခဲ့တယ်။ မောင်ရိုက် လို့ခေါ်ပါတယ်။

မောင်ရိုက်ဟာ ၁၈၀၅-ခုနှစ်မှာ ကျွန်းလှရွာကို အခြေပြုပြီး ဘိုးတော်ဘုရားကို တော်လှန်ပုန်ကန်ခဲ့သူ ဖြစ်ပါတယ်။ သူ့ကို နေပြည်တော်ကတော့ "ငတောငယ်"လို့ အမည်ခေါ်ဝေါ်သုံးစွဲပါတယ်။ မောင်ရိုက်မှာ နောက်လိုက် ၅၀၀နဲ့ အတူ မိုင်းညောင်က တစ်ဆင့် ကျွန်းလှနယ်ထဲရောက် တာပါ။ သူ့ကိုယ်သူ ရွှေမှုန်သခင်ဆိုပြီး ဗိုလ်ဝင်ခံသဘင် ကျင်းပတယ်။ ဒါကို ဒေသခံအုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲ ခေါက်စင်းရွှေမျှား ဦးပိုက တော်လှန်တိုက်ခိုက်ပြီး နေပြည်တော် ကိုသတင်းပို့ခဲ့ပါတယ်။ နေပြည်တော်တပ်တွေ ရောက်လာပြီး တိုက်ခိုက်လို့ ဖောင်းကားစားမောင်မောင်ရဲ့သား မောင်ရိုက် **လက်**ရဖမ်းဆီး ခံခဲ့ရပါတယ်။ မောင်ရိုက်ရဲ့ ပုန်ကန်မှုမှာ ကူညီအားပေးသူတွေ အားလုံးလည်း လုပ်ကြံစီရင်ခံကြရတယ်။

ဖောင်းကားစားမောင်မောင်ရဲ့ ဒုတိယမိဖုရားကတော့ ဟံသာဝတီရောက်မင်းရဲ့ သမီး မင်းခဲပေါင်က ဖွားမြင်တဲ့ မယ်ဘွားဆိုသူပါပဲ။ သားသမီးထွန်းကားပုံ မပေါ်ပါဘူး။ ဖောင်းကားစားမောင်မောင်ရဲ့ မွေးရင်းညီအစ်ကို မောင်နှမတွေ ထဲမှာတော့ ခင်ဖွားဆိုတဲ့ နှမတစ်ဦးရှိပါတယ်။ ခင်ဖွားရဲ့ အဆက်အနွယ်တွေကို အသေအချာ မသိရပေမဲ့ သူ့ရဲ့မြစ် ဒေါ်သင်ကတော့ မင်းတုန်းမင်းလက်ထက် သူဌေးဦးမှိုနဲ့ စုံဖက်ပြီး တောင်ငူမှာ ဒုတိယမြို့နှီးပါယ်မင်းကြီးလုပ်သွားတဲ့ ဦးဖိုးကာကို ဖွားမြင်ကြောင်းသိရပါတယ်။

❑❑❑



**နန်းမတော်မယ်နုကို ရေဦးမြို့နယ်အတွင်းမှာရှိတဲ့ ဖလံစုံရွာ ဇာတိလို့ ဆိုကြပါတယ်။ ဒါပေမဲ့ ဖလံစုံရွာမှာတော့ နန်းမတော် မယ်နုနဲ့ ပတ်သက်တဲ့ အထောက်အထား ဘာမှမတွေ့ ရကြောင်း လေ့လာသူအချို့က ဆိုကြတာလည်း မှတ်သားဖူး ပါတယ်။ ဖလံစုံရွာနဲ့ နန်းမတော်မယ်နုက အမှန်တကယ် ဆက်စပ်မှုရှိပါသလား။**

ဖလံခုံရွာက စစ်ကိုင်းတိုင်း ရေဦးမြို့နယ်အတွင်း ရေဦး မြို့အနောက်မြောက်ဘက် (၅)မိုင်အကွာမှာ တည်ရှိပါတယ်။ အဲဒီဖလံခုံရွာကို တည်ထောင်ခဲ့သူက နန်းမတော် မယ်နုတို့ အဘိုးဇလသမန်းဘွဲ့ခံ ဦးမဲတူဖြစ်ကြောင်း အဆိုရှိပါတယ်။ ဇလသမန်းဦးမဲတူနဲ့ ဒေါ်ညက်တို့ရဲ့သား စိတ္တရာဇာဘွဲ့ခံ ဦးမြင်းအောင်ဆိုတာက အလောင်းမင်းတရားရဲ့ အားကိုး အားထားပြုရာ သူရဲကောင်းတစ်ဦးပါပဲ။ ဦးမြင်းအောင်နဲ့ ဒေါ်ထဲတို့ရဲ့ သမီးမယ်ပုဆိုတာ ပြည်မင်းသားကြီးရဲ့ ကြင်ရာတော် ပေါင်းတည်မြို့စားဖြစ်ပါတယ်။ သူ့ရဲ့မောင် ဦးကွန်က ဒီပဲယင်းမြို့ဝန်ပါ။ နန်းမတော်မယ်နုရဲ့ အရီးတော်၊ ဦးကြီးတော်တွေပါ။

ဇလသမန်းမှာ စိတ္တရာဇာဘွဲ့ခံ ဦးမြင်းအောင် အပါအဝင် သားသမီး(၁၁)ဦး ထွန်းကားပါတယ်။ အဲဒီအထဲမှာ သမီးမယ်မွန်က ဖလံခုံရွာအုပ်ဦးကျင်းနဲ့ လက်ဆက်ပြီးထောင်မှူး သီဟကျော်စွာဘွဲ့ခံ ဦးလတ်ကိုမွေးတယ်။ ဦးလတ်က တစ်ခါ ဇနီးဒေါ်ငယ်နဲ့ စုံဖက်ရာက နန်းမတော်မယ်နုကို ဖွားမြင်ခဲ့ တာပါ။ စလင်းမင်းသားကြီး မောင်အိုကိုတော့ ထောင်မှူး ဦးလတ်ရဲ့ ပထမဇနီးကဖွားမြင်တာလို့ ဆိုကြတယ်။ နန်းမတော်

မယ်နုဟာ ထောင်မှူးတစ်ဦးရဲ့ သမီးဖြစ်ပြီး ဘုရင်မင်းမြတ် ဘိမ်ရှေ့စံတော်မူစဉ်က ပထမ မိဖုရားငယ်ကလေးအဖြစ်နေထိုင်ရတယ်လို့ ရေးမှတ်ထားပါတယ်။

ဖလံခုံရွာကို ခရစ်နှစ်၁၇၃၈ခုနှစ်မှာစတင်တည်ထောင်ခဲ့တာပါ။ ဗလသမန်း တည်ထောင်ရာကုန်းမှာရှိလို့ ဗလသမန်းကုန်းလို့ ခေါ်ရာက နောက်ပိုင်း ဖလံခုံရွာ ဖြစ်လာတယ်။ အဲဒီရွာမှာ နန်းမတော်မယ်နုရဲ့ အဆက်အနွယ်တွေဟာ အချိန်အတော်ကြာကာလအထိ အထင်အရှားရှိခဲ့ကြပါတယ်။ ၁၉၂၉-ခုနှစ်ဝန်းကျင်က **R.R Langham Carter** ဆိုသူက ဖလံခုံရွာကို ကွင်းဆင်းပြီး နန်းမတော်မယ်နုရဲ့ အဆက်အနွယ်စာရင်းကို ကောက်ယူခဲ့ဖူးပါတယ်။ အင်္ဂလိပ်ခေတ်က အထူးအာဏာရ ဖလံခုံရွာသူကြီးဖြစ်ခဲ့တဲ့ ဦးဒေဝဆိုတာလည်း နန်းမတော်မယ်နုရဲ့ အဆက်အနွယ် ထဲကပါပဲ။ စိတ္တရာဇာရဲ့သား ဦးဘော် (တောင်ဘက်မြင်းဝန်)ရဲ့သားဖြစ်သူ ဦးဖိုး(ဒိပဲယင်းစော်ကဲ)နဲ့ ဒေါ်မြတို့က ဖွားမြင်သူပါ။ ၁၉၆၀-ခုနှစ်လောက်က ဦးဒေဝရဲ့သား ဦးဘသက်တို့ ဖလံခုံမှာ သက်ရှိထင်ရှားရှိနေကြဆဲဖြစ်ပါတယ်။

ဖလံခုံမှာ နန်းမတော်မယ်နုနဲ့ ပတ်သက်တဲ့ အထောက်အထားတွေ မတွေ့ရတော့တာကတော့ မှတ်တမ်း မှတ်ရာဟူသမျှကို သာယာဝတီမင်းရဲ့ ဘက်တော်သား တွေက မီးရှို့ဖျက်ဆီး အမှောင်ချခဲ့ကြလို့ပါပဲ။ နန်းမတော်မယ်နုဟာ ဖလံခုံရွာမှာ တစ်သိန်းတန်ကျောင်းကြီးတစ်ဆောင်၊ သံတောင်တစ်ရာမြင့်တဲ့ မဟာမုနိ စေတီတော်ကြီးနဲ့ လက်ပန်တောရကျောင်းတိုက်စတဲ့ အထင်ကရ သာသနိက အဆောက်အဦ

သုံးခုကို တည်ဆောက်လှူဒါန်းခဲ့ပါတယ်။ သူက ဦးရိုးတော် ဒီပဲယင်း မြို့ဝန်ဦးကွန်ကို ကုန်ကျငွေပေးချေပြီး ဆောက်လုပ် စေခဲ့တာပါ။ အားလုံးပြီးစီးတဲ့ အခါ ၁၈၃၅-ခုနှစ်၊ ဖေဖော်ဝါရီလ ထဲမှာ မယ်နုကိုယ်တိုင် ဖလံခုံကို လာပြီး ရေစက်ချ လှူဒါန်း ပါတယ်။ အဲဒီတုန်းက သူတို့အမျိုးအဆွေတွေ အားလုံးနီးပါး လာရောက်ခဲ့ကြတယ်။

သာယာဝတီမင်းရဲ့ ဘက်တော်သားတွေဟာ မယ်နုနဲ့ ပတ်သက်တဲ့ အဆောက်အဦ၊ မှတ်တမ်းမှတ်ရာတွေ အားလုံး မီးရှို့ဖျက်ဆီးခဲ့ကြပေမဲ့ ခေါင်းလောင်း တွေကတော့ ကျန်ရစ်ခဲ့ ပါတယ်။ ဖလံခုံရွာ သိုးဘိုးကျောင်းထဲက မဟာမုနိစေတီတော် ခေါင်းလောင်းစာမှာ-

"ဇလသမန်းသမီးတော်သခင်မှုန်၊ သားတော်သီဟ ကျော်စွာ၊ သမီးတော်ညာနန်း ထွက်ဖျာမိဖုရား" လို့ ပါရှိပါတယ်၊ ဖလံခုံရွာရဲ့ အရှေ့တောင်ဘက် ယွန်းယွန်းက လက်လံတောရ ကျောင်းဆိုတာလဲ နန်းမတော်မယ်နုရဲ့ ကောင်းမှုလို့ပဲ ဆိုကြ ပါတယ်။ ဖလံခုံရွာ ကူမြူကျောင်းတိုက်ထဲက ကျောက်စာနဲ့ အနီးဝန်းကျင်ဒေသတွေက ခေါင်းလောင်းစာတွေ အရ နန်းမတော် မယ်နုအပြင် စလင်းမင်းသားကြီး မောင်တိုး၊ မယ်နုရဲ့ အရီးတော်ပေါင်းတည် မြို့စား သီရိနန္ဒာဝတီဘွဲ့ခံ ခေါ်ပု၊ ဒီပဲယင်းမြို့ဝန်ဦးကွန်၊ တောက်ဘက်ကိုးသင်းမြင်းဝန်၊ မာလာ သီရိမင်းသမီးမယ်နုရဲ့ မောင်ဝမ်းကွဲ ပုသိမ်မြို့ဝန်ဦးညွန့်နဲ့ ဝန်ကတော်မမွေး စတဲ့ နန်းမတော်မယ်နုရဲ့ အမျိုးတွေ အကြောင်းလည်း အတော်စုံစုံလင်လင် သိရှိလာရပါတယ်။

❑ ❑ ❑



**သိပေါမင်း ပါတော်မမူမီ တစ်ရက်အလိုမှာ အင်္ဂလိပ်စစ်သင်္ဘောတွေ မန္တလေး ဂေါဝိန်ဆိပ်ကို ရောက်လာကြတော့ ကင်းဝန်မင်းကြီး ဦးကောင်းက သင်္ဘောဆိပ်ကို ဆင်းကြိုတယ်ဆိုတာ ဟုတ်ပါသလား။ ပြီးတော့ အင်္ဂလိပ် သင်္ဘောတွေနဲ့အတူ ညောင်ရမ်းမင်းသားလိုက်ပါလာတယ်လို့ သတင်းဖြစ်ပေါ်ခဲ့တာနဲ့ပတ်သက်လို့ရော ညောင်ရမ်းမင်းသား အဲဒီအချိန်မှာ အမှန်တကယ် ကွယ်လွန်ခဲ့ပြီးဖြစ်ကြောင်း ကင်းဝန်မင်းကြီး အပါအဝင် မြန်မာ နန်းတွင်းထိပ်တန်း အရာရှိတွေလုံးဝမသိဘူးဆိုတာဟုတ်ပါသလား။**

ဗြိတိသျှတပ်တွေက မန္တလေးဂေါဝိန်ဆိပ်ကို ၂၈၊ ၁၁၊ ၁၈၈၅-ခုနှစ်မှာရောက်ရှိကြပါတယ်။ ကင်းဝန်မင်းကြီးဦးကောင်း ဂေါဝိန်ဆိပ်မှာလာရောက်ဆင်းကြို နှုတ်ဆက်တယ် ဆိုတာ မဟုတ်ပါဘူး။ အဖြစ်အပျက်မှန်က အဲဒီ နိုဝင်ဘာ(၂၈)ရက်နေ့ မနက်(၁၀) နာရီမှာ အင်္ဂလိပ်တပ်ပေါင်းစု သင်္ဘောတွေ ဂေါဝိန်ဆိပ်ကို ဆိုက်ရောက်ကြတယ်။ မန္တလေးမြို့သူမြို့သားတွေ ထွက်ကြည့်နေကြတာလဲ ကမ်းလုံးညွတ်ပါပဲ။ တပ်တွေ ကမ်းရောက်လာပြီး မကြာခင် ရွှဝံသင်္ဘောပေါ်မှာရှိတဲ့ ဗိုလ်ချုပ်ပရင်းဒါးဂတ်ဆီကို မန္တလေးမှာနေတဲ့ နိုင်ငံခြားသားတွေလာ နှုတ်ဆက်ကြတယ်။ သီပေါမင်းက နန်းတွင်းမှာပဲ ရှိနေကြောင်း ပရင်းဒါဂတ်သိရှိရပါတယ်။

မနက်(၁၁)နာရီထိုးတဲ့အထိ နန်းတော်ထဲက ဘယ်သူကမှ လာရောက် ဆက်သွယ်မှုမရှိကြဘူး။ ဒါကြောင့် ကာနယ်

ဗလေဒင်က ကင်းဝန်မင်းကြီးဆီကို လိပ်မူပြီး စာတစ်စောင် ရေးလိုက်ပါတယ်။ အဲဒီစာမှာ စာပိုဒ်(၄)ပိုဒ် ပါတယ်။

စာပိုဒ် (၁) စစ်သေနာပတိချုပ်ရဲ့ညွှန်ကြားချက်အရ ဒီစာကို ပေးပို့ပါတယ်။ အင်္ဂလိပ်တပ်ပေါင်းစု ဒီနေ့မနက်ပဲ မန္တလေးကိုရောက်ပြီ။ မနေ့က အင်းဝမှာ ရှိနေတုန်းက လွှတ်တော်ကပေးလိုက်တဲ့ သဘောတူညီချက် အရ မန္တလေးမြို့တော်နဲ့ နန်းတော်ကို ဗြိတိသျှအာဏာပိုင်တွေဆီပေးအပ်ပြီး သီပေါဘုရင် အညံ့ခံမယ်လို့ သိရတယ်။

စာပိုဒ် (၂) ဒါကြောင့် ဒီစာကို ရရခြင်း သင်ကိုယ်တိုင် စစ်သင်္ဘောတွေဆီအစောတလျှင် လာပြီး ဒီကိစ္စ ဆွေးနွေးပါ။

စာပိုဒ် (၃) အားလုံးအဆင်ပြေအောင် သီပေါမင်းတိုကိုယ်တိုင် သင်နဲ့လိုက်ပါပြီး စစ်သေနာပတိချုပ်နဲ့ တွေ့ရင် ပိုကောင်းတယ်။

စာပိုဒ် (၄) ဒီနေ့မွန်းတည့်အထိစောင့်လို့ အကြောင်းပြန်ချက် တစ်စုံတစ်ရာမရရင် တပ်ပေါင်းစု ကမ်းပေါ်တက်ပြီး ဆက်လက်ဆောင်ရွက်မယ် လို့ပါရှိပါတယ်။

ဒါပေမယ့် ကင်းဝန်မင်းကြီးဆီက ပြန်ကြားချက်မရလို့ နေ့လယ်(၁း၃၀)နာရီမှာ အင်္ဂလိပ်တပ်တွေ ကုန်းပေါ်တက်ကြတယ်။ (၂)နာရီမှာ ကာနယ်စလေဒင် စကားပြန် နီကိုလပ်စ်နဲ့ ကပ္ပတိန်မော်ဂန်တို့ ဦးဆောင်လမ်းပြပြီး နန်းတော်ဆီချီတက်

ကြတယ်။ ကင်းဝန်မင်းကြီးလဲ စာရေးခြင်း ဆင်စီးပြီး ကာနယ် စလေဒင်တို့ နောက်လိုက်လာတာပဲ။ ဒါပေမယ့် လမ်းမှာလွဲ သွားတယ်။ ကာနယ်စလေဒင်က လွဲသွားမှန်းသိတော့ မင်းကြီး ဆီကို သူ့တပ်သားတစ်ချို့ စေလွှတ်ပြီး နန်းမြို့ရိုးတောင်ဘက် တံခါးဝကို လိုက်လာဖို့ မှာလိုက်ပါတယ်။ ညနေ (၃)နာရီမှာ ကာနယ်စလေဒင်တို့ တောင်ဖက်တံခါးဝကို ရောက်ကြတယ်။ ခေတ္တခဏစောင့်ဆိုင်းနေတုန်း ဆင်စီးပြီး အမြန်လိုက်လာတဲ့ ကင်းဝန် မင်းကြီးကို မြင်တွေ့ကြရတယ်။

ဒီအဖြစ်အပျက်ကို လေ့လာကြည့်ရင် ကင်းဝန်မင်းကြီး ကိုယ်တိုင် အင်္ဂလိပ် တပ်တွေကို ဂေါ်ဝိန်ဆိပ်က ဆင်းကြိုတယ် ဆိုတာ မဟုတ်ကြောင်း သိသာလှပါတယ်။ ဒီအကြောင်းတွေ ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး (တတိယတွဲ) မှာ အထင်အရှား ပါရှိပြီးဖြစ်ပါတယ်။ နောက်တစ်ချက်က အင်္ဂလိပ် စစ်သဘောတွေနဲ့အတူ သင်္ဘော စကားပြန်မောင်ဘသန်းကို မင်းဝတ်မင်းစားနဲ့ ထိုင်ခိုင်းပြီး ညောင်ရမ်းမင်းသားပါလို့ သတင်းလွှင့်လာတဲ့ကိစ္စပါ။

တကယ်တော့ ညောင်ရမ်းမင်းသား ကွယ်လွန်ခဲ့ပြီး ဖြစ်ကြောင်း နန်းတွင်း အသိုင်းအဝိုင်းက သိရှိခဲ့ကြပြီး ဖြစ်ပါတယ်။ ညောင်ရမ်းမင်းသားဟာ အိန္ဒိယနိုင်ငံမှာ ၂၆-၆-၁၈၈၅ ခုနှစ်က အဖျားရောဂါနဲ့ ကွယ်လွန်ခဲ့ပါတယ်။

ဩဂုတ်လ (၁၁)ရက် နေ့ထုတ် Times of India သတင်းစာ ပါ ဆောင်းပါးအရ ဆိုရင် ညော[illegible]ရမ်းမင်းသား

ကွယ်လွန်သွားကြောင်း မန္တလေးနန်းတွင်းက သိရှိကြရလို့ ကျေနပ်နှစ်သက်ကြတဲ့အကြောင်းဖော်ပြထားတာတွေ့ရပါတယ်။ အလားတူပဲ ဇူလိုင်(၁၉)ရက်နေ့က ထုတ်ဝေတဲ့ **Pioneer Mail** သတင်းစာမှာလည်း ညောင်ရမ်းမင်းသား ကွယ်လွန်ကြောင်း မြန်မာနန်းတွင်းက သိရှိကြပြီးဖြစ်တယ်ဆိုတာရေးသား ဖော်ပြထားပါတယ်။

❑ ❑ ❑

ပုံးပွင့်မဂ္ဂဇိုင်



**မြန်မာရာဇဝင်ကျမ်းတွေထဲမှာ ဘီလူးအကြောင်းဖော်ပြရေးသားကြတာ မကြာခဏ တွေ့ရှိရပါတယ်။ သံလွင်မြစ်ဝမှာလည်း ဒီနေ့တိုင် ဘီလူးကျွန်းဆိုတဲ့ ကျွန်းကြီးတစ်ကျွန်းရှိနေဆဲဖြစ်ပါတယ်။ အဲဒီဘီလူးဆိုတာက ဘယ်လိုလူမျိုးလဲ၊ ဘီလူးကျွန်းဆိုတာကတော့ တကယ်ပဲဘီလူးတွေနေထိုင်ခဲ့ကြတာလား။**

အများအားဖြင့်တော့ မြန်မာရာဇဝင်ကျမ်းတွေမှာ ဘီလူးလို့ခေါ်ဖြစ်ကြရသူ တွေဟာ ကိုယ်ခန္ဓာထွားကြိုင်း သူတွေဖြစ်ဟန်တူပါတယ်။ သံလွင်မြစ်ဝမှာရှိတဲ့ ဘီလူးကျွန်းဆိုတာကတော့ ရှေးခေတ်အခါတုန်းက အမှန်တကယ် အသားမဲကပ္ပလီ လူမျိုးတွေနေထိုင်ခဲ့ကြလို့ပါပဲ။ အခုမွန်ပြည်နယ်အတွင်း မွန်တိုင်းရင်းသားအများစု နေထိုင်ရာ ဒေသတွေမှာရှေးခေတ်က နီဂရိုက်(နီဂရစ်တို)လို့ခေါ်တဲ့ အသားမဲကပ္ပလီတွေ နေထိုင်ခဲ့ကြဖူးပါတယ်။ သူတို့ကို သမိုင်းပညာရှင်တွေက စမင်လို့ခေါ်ကြတယ်။ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတွေမှာ Semai လို့သိကြတဲ့ ရှေးဟောင်းလူသား အဆက်အနွယ်တွေပါပဲ။

စမင်တွေကို မွန်တိုင်းရင်းသားတွေက စမောင်းလို့ခေါ်ကြတယ်။ ဘီလူးကျွန်း နေရာဟာ စမောင်းတွေရဲ့ နောက်ဆုံးနေထိုင်ခဲ့ရာ ဒေသဖြစ်ဟန်တူပါတယ်။ ဒေါက်တာဂျီအေကရီအာဆင်ကတော့ သူပြုစုတဲ့ အိန္ဒိယနိုင်ငံ ဘာသာနွယ် လေ့လာမှုစစ်တမ်းမှာ ဘီစီ ၂၅၀ အထက်က ဘီလူးကျွန်းမှာ နီဂရိုးအနွယ်ဝင် စမင်လူမျိုးတွေနေထိုင်ခဲ့ ကြတယ်။ သူတို့ဟာ လူသားစားသူ ရေဘီလူးတွေဖြစ်တယ်လို့ ဖော်ပြရေးသားခဲ့

ပါတယ်။ စမင်တွေဟာ မွန်တိုင်းရင်းသားတွေရဲ့ တိုက်ခိုက်မှုကြောင့် တောင်ဘက်ကို တဖြည်းဖြည်းပြောင်းရွှေ့သွားကြတယ်။

ဂရိပထဝီပညာရှင် တော်လမီခရီးထွက်လှည့်လည်သွားလာရာမှာ မုတ္တမပင်လယ်ကွေ့မှာ လူသားစားတဲ့ လူရိုင်းတွေ တွေ့ခဲ့ရတယ်လို့ ရေးသားထားတာဟာ အဲဒီစမင်တွေပဲ ဖြစ်ပါတယ်။ သူတို့က အုပ်စုလိုက် တစ်ဘက်နဲ့တစ်ဘက် တိုက်ခိုက်တာမျိုးတွေလည်းရှိတယ်။ သထုံကျောက်စာမှာ ရှေးတုန်းက သထုံနယ်ဟာ ဘီလူးနိုင်ငံဖြစ်ခဲ့ဖူးတယ်ဆို တာဟာ အဲဒီစမင်တွေကို ရည်ညွှန်းပြောဆိုဟန်ရှိပါတယ်။ သထုံကို မွန်တွေဝင်ရောက်လာ စဉ်တုန်းက ဘီလူးတွေနဲ့ တိုက်ခိုက်ခဲ့ရတဲ့အကြောင်း သီဟိုဠ်ဒီပဝင်(အေဒီ ၆ရာစု)နဲ့ ကလျာဏီမွန်ကျောက်စာ (၁၅ရာစု)တို့မှာ ပါဝင်ပါတယ်။

အဝေဏ္ဍကုမ္မဝတ္ထု မွန်ပေစာပါ ဖော်ပြချက်တွေကလည်း စိတ်ဝင်စားစရာပါပဲ။ အဲဒီဝတ္ထုမှာ ဘာရာဏသီမင်းက ပုရပိုက်မှာ တွေ့ရတဲ့ ခေါင်းဆောင်ကျွန်းအောက်နားက ပင်လယ်ရေအောက်နေရာမှာ နတ်မိမယ်ကို သွားယူဖို့ ရွက်သင်္ဘောတွေ (၇)ကြိမ်လွှတ်တာ (၇)ကြိမ်လုံး ဘီလူးအစားခံရတယ်။ နောက်ဆုံး (၈)ကြိမ်မြောက်မှာ အဝေဏ္ဍကုမ္မာကို လွှတ်မှ အောင်မြင်သွားတယ်။ မင်းသားဟာ မုန့်ပဲသွားရေစာ အဖျော်ယမကာအပြည့် တင်ပြီး ရွက်လွှင့်ခဲ့ရာက ဘီလူးကျွန်းရောက်တော့ စမင်တွေနဲ့ မိတ်ဆွေဖွဲ့နိုင်ခဲ့လို့ အောင်မြင်ခဲ့ရခြင်းဖြစ်ပါတယ်။

မှုန်မှင့်မဏ္ဍိုင်

ဘီစီ(၃၀၉)ခုနှစ်က ဆရာတော် သောကာထေရ်နဲ့ ဥတ္တရထေရ်နှစ်ပါးဟာ နောက်လိုက်သံဃာ (၃)ပါးနဲ့အတူ သုဝဏ္ဏဘူမိ(သထုံ)ကို ကြွရောက်ကြတော့ ရေဘီလူးတွေ နှိမ်နင်းခဲ့ရသေးကြောင်းဆိုပါတယ်။ ဆရာတော်တွေဟာ ဘီလူးတွေကို နှိမ်နင်းပြီး ဗြဟ္မဇာလသုတ်ကို ဟောကြားခဲ့ရတယ်လို့ ပါရာဇိကဏ်အဋ္ဌကထာမှာ ဖော်ပြပါရှိပါတယ်။ စမင်ခေါ်တဲ့ ရေဘီလူးတွေဟာ မွန်တိုင်းရင်းသားတို့ရဲ့ စုစည်း ဖိုက်ခိုက်မှုကြောင့် ပြောင်းရွှေ့သွားကြရတဲ့အခါ မွန်မြို့ပြ နိုင်ငံတွေ ထောင်ပေါ်ပေါက် ပါတော့တယ်။

❑ ❑ ❑



**မြဝတီမင်းကြီး ဦးစ မြို့စားအရာရရှိခဲ့တယ်ဆိုတဲ့ မြဝတီမြို့က အခု ကရင်ပြည်နယ် ထဲက နယ်စပ်မြဝတီမြို့ ဆိုတာဟုတ်ပါသလား။ အဲဒီမြဝတီမြို့ကို ကုန်းဘောင် ခေတ်ဦးကာလကတည်းက တည်ခဲ့တာလို့ သိရလို့ပါ။**

မြဝတီမင်းကြီး ဦးစ မြို့စားအရာရရှိခဲ့တယ်ဆိုတဲ့ မြဝတီမြို့က ကရင်ပြည်နယ် အတွင်းမှာရှိတဲ့နယ်စပ် မြဝတီမြို့ မဟုတ်ပါဘူး။ မြဝတီမင်းကြီးမြို့စားရခဲ့တဲ့ မြဝတီမြို့က ဧရာဝတီမြစ်နဲ့ မဲမြစ်ဆုံရာ အခုကာမနယ် အတွင်းမှာ တည်ရှိခဲ့တဲ့မြို့တစ်မြို့ပါ။ မြန်မာဘုရင်လက်ထက်က မြို့သူကြီး တစ်ဦးအုပ်ချုပ်ရာမြို့ဖြစ်ပြီး ရွာကြီး (၁၄)ရွာ ပါဝင်ပါတယ်။ ကိုလိုနီခေတ်ဦးကာလမှာတော့ မြဝတီမြို့ဟာ သရက်ခရိုင် ကံမမြို့နယ်ထဲက ရွာတစ်ရွာ အဖြစ်ပြောင်းလဲနေပါပြီ။

မြဝတီမင်းကြီးဦးစဟာ ၁၈၁၉-ခုနှစ် ဘကြီးတော်မင်း နန်းတက်စမှာ မဟာသီရိဇေယသူရဘွဲ့ခံ မြဝတီမြို့စား အတွင်းဝန်ဖြစ်လာပြီး ၂၀ -၁၁- ၁၈၂၈-ခုနှစ်မှာ မြဝတီမြို့စား ဝန်ကြီးအရာ ရရှိခဲ့ပါတယ်။ ဦးစဟာ သာယာဝတီမင်း နန်းတက်စ ၁၈၃၇-ခုနှစ်မှာဝန်ကြီးရာထူးကဖယ်ရှားပြီး ထောင်သွင်းအကျဉ်းချထားခံခဲ့ရပါတယ်။ အဲဒီအချိန်မှာ မြဝတီမြို့စားအရာကို ဝန်ထောက်မဟာမင်းလှသီဟသူဘွဲ့ခံ ဦးအောင်ပုက ရရှိနေပါပြီ။ ဦးအောင်ပုဟာ မကြာခင် မြဝတီမြို့စား မြင်းစုကြီးဝန်၊ နောက် ၂၅ ၇၊ ၁၈၃၉-ခုနှစ်မှာ မြဝတီမြို့စားဝန်ကြီး ဖြစ်လာပါတယ်။

မှုခင်းမဂ္ဂဇိုင်

၂ ၊ ၄ ၊ ၁၈၄၀-မှာ ဝန်ကြီးဦးအောင်ပု ရာထူးက ဖယ်ရှားခံရတော့ ဦးစွာဆိုသူကို မြဝတီမြို့စားအရာပေးအပ်ပြန်ပါတယ်။ ဦးစွာဟာ သာယာဝတီမင်း ရန်ကုန်ကို စုန်ဆင်းချိန် ၁၈၄၁-ခုနှစ်မှာ မြဝတီမြို့စားဝန်ကြီး ဖြစ်နေပါပြီ။ ဒါပေမယ့် ဝန်ကြီးဦးစွာ ၁၈၄၂-ခုနှစ် ဇူလိုင်လထဲမှာ ရုတ်တရက်ကွယ်လွန်သွားတော့ မြို့စားအရာကို ရရှိသူအသစ်တစ်ယောက်ပေါ်ပေါက်လာပြန်ပါတယ်။ ဒါကြောင့် မြဝတီမြို့က အခွန်အကောက်တွေကို စားခွင့်ရခဲ့တဲ့ မြဝတီမြို့စားအရာကို ရရှိခဲ့သူတွေဟာ မနည်းလှပါဘူး။

မြဝတီမြို့ကို အမှန်တကယ်အုပ်ချုပ်ရသူကတော့ မြဝတီမြို့သူကြီးတွေပဲ ဖြစ်ပါတယ်။ မြန်မာဘုရင် လက်ထက် နောက်ဆုံးခန့်အပ်ခံရတဲ့ မြို့သူကြီးက ဦးဖေဖြစ်ပါတယ်။ ဦးဖေက မြို့သူကြီးဆိုပေမဲ့ မြဝတီမှာ မနေပဲ မဒေးချောင်းပေါ်က ကျွန်းတောင်မှာ အမြဲနေတယ်လို့ဆိုပါတယ်။ မြဝတီမြို့က ထင်ရှားတဲ့ ရှေးဟောင်း အဆောက်အဦတွေ အနက် ကံမမြို့ တောင်ဘက် ကျွန်းတောင်မှာရှိတဲ့ ရွှေကျောင်းကြီးက ထင်ရှားလှပါတယ်။ အဲဒီရွှေကျောင်းကြီးက ရုပ်ပွားတော်ကြီး တစ်ဆူမှာ-

“သက္ကရာဇ် ၁၂၀၁-ခု နယုန်လပြည့်ကျော် ၂ရက်(၂၉၊၅၊၁၈၃၉) ကျောင်းဒကာ မြို့စာရေးမောင်လင် ဇနီးမောင်နှံ မြုစုကိုးကွယ်သည့် ကိုယ်စားတော်စားရုပ်ပွားတော်” လို့ ကမ္ပည်းထိုးထားတာတွေ့ရပါတယ်။

ကရင်ပြည်နယ်အတွင်း နယ်စပ်ဒေသက မြဝတီမြို့က မုတ္တမ(၃၂)မြို့အဝင် မြို့တစ်မြို့ဖြစ်ပါတယ်။ ရှေးခေတ် အခါကတော့ "ကွန်ဘရဲ့ဖတိုင်" လို့ခေါ်တဲ့ မွန်ရွာကလေးတစ်ရွာပါပဲ။ နောက်ပိုင်းမြို့တစ်မြို့ဖြစ်လာတယ်။ ခရစ်နှစ် ၁၅၇၈-ခုနှစ်မှာ မြဝတီမြို့ကို အသစ်တည်ခဲ့ပါသေးတယ်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် မှာတော့ မြဝတီမြို့က စစ်တမ်း ဆက်သွင်းခဲ့သေးပေမဲ့ ရှာမတွေ့ရတော့ပါဘူး။အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲအပြီးမှာ တော့ မြဝတီမြို့က ဗြိတိသျှ လက်အောက် ကျရောက်သွားပါတယ်။ ကိုလိုနီခေတ် ၁၈၉၂-ခုနှစ်မှာတော့ လူဦးရေ(၁၅၀) ကျော်၊ အိမ်ခြေ(၄၀)နီးပါးရှိတဲ့ ကရင်-မြန်မာ တို့နေထိုင်ရာ ရွာကလေးဖြစ်နေပါပြီ။

❑ ❑ ❑



မြန်မာစာပေလောကမှာ "စကားတောင်စား" ဝတ္ထုကို စတင် ပန်တီးရေးသားခဲ့တာ ဘယ်သူပါလဲ၊ အဲဒီစကားတောင်စား ဆိုတာက စာရေးဆရာရဲ့ ပန်တီးမှု သက်သက်ပဲလား၊ မြန်မာသမိုင်းမှာရော တကယ်ရှိခဲ့ရဲ့လား၊

စကားတောင်စား ဝတ္ထုတွေကို ကုန်းဘောင် ခေတ်နှောင်း ကာလမှာ ထင်ရှားခဲ့တဲ့ ဝန်စာရေးဦးကြီးက စတင် ရေးဖွဲ့ခဲ့တာပါ။ ဝန်စာရေးဦးကြီးဆိုတာက တိုင်တားမင်းကြီး ဦးဖိုးရဲ့ ဝန်စာရေးဖြစ်ပြီး ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုနဲ့ အမည်ထင်ရှားခဲ့သူ ဖြစ်ပါတယ်။ အဲဒီချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုဟာ မောင်ရင်မောင်၊ မမယ်မဝတ္ထုနဲ့ မရှေး မနှောင်း ပေါ်ပေါက်ခဲ့တဲ့ ဝတ္ထုပါပဲ။ ဆရာကြီးသခင်ကိုယ်တော် မှိုင်းဟာ သူ့အမည်ကို ချဉ်ပေါင်ရွက်သည်မောင်မှိုင်းဝတ္ထုကို သဘောကျပြီး မောင်မှိုင်းလို့ အမည်ခံယူခဲ့တာလို့ ဆိုပါတယ်။

စကားတောင်စား ဝတ္ထုဆိုတာ မြန်မာသမိုင်းမှာ တကယ်ရှိခဲ့ဖူးတဲ့ စကားတောင်စားအပေါ် အခြေခံပြီးရေးဖွဲ့ ထားတာဖြစ်ပါတယ်။ စကားတောင်စား ဆိုတာက စကား တောင်ရွာက အခွန်အကောက်တွေကို စားရတဲ့ အင်းဝခေတ်က နန်းတွင်းအရာရှိကြီးတစ်ဦးဖြစ်ပါတယ်။ အမျိုးသမီးစာဆိုတော် နန်းတွင်းမိညိုရဲ့ဖခင်ပါပဲ။ နန်းတွင်း မိညိုဟာ မနော်ဟရီပျို့ကို ရေးဖွဲ့သီကုံးခဲ့ရာမှာ ပျို့ရဲ့ နိဂုံးပိုင်းမှာ သူ့ဖခင် စကား တောင်းစားအကြောင်းထည့်သွင်း ရေးဖွဲ့ထားပါတယ်။

မနော်ဟရီပျို့မှာ "မလွန်မြေဒူး၊ သာထူးလွတ်ခေါင်၊ ကားတောင်နှင့်၊ စိုးဆောင်ကူးခန်း၊ မတ်ကြဋ္ဌာန်းကိုး"လို့ ပါရှိ

ရှုမှင့်မဂ္ဂဇင်း

သလို စကားတောင်စားအမတ်ဟာ ဟံသာဝတီဆင်ဖြူရှင် မင်းတရားလက်ထက်မှာ စကားတောင်ရွာအပြင် မလွန်၊ မြေထဲ၊ ကူးခန်မြို့တွေကိုလည်း မြို့စားအရာရရှိခဲ့ပါတယ်။ သူ့ရဲ့မင်းပေး ဘွဲ့မည်က သီရိဇေယျကျော်ထင် ဖြစ်ပါတယ်။ စကားတောင်စား ရဲ့ သမီးကနန်းတွင်းမိညိုလို့ ထင်ရှားတဲ့ အမျိုးသမီးစာဆိုတော် ဖြစ်တယ်။

နန်းတွင်းမိညိုကို သူ့ဖခင် စကားတောင်စားက ပေးခဲ့တဲ့ အမည်က ရှင်လှ ဖြစ်ပါတယ်။ ရှင်လှကို သူ့မိဘ တွေက မောင်တစ်ဝမ်းကွဲတစ်ယောက်နဲ့ နေရာချထား ပေးတယ်။ ရှင်လှ ပဲခူးဟံသာဝတီကို ရောက်နေတုန်းက သူ့ရဲ့ခင်ပွန်း မြင်းခုန်တိုင်စားက တစ်နယ်တစ်ကျေးမှာ ရောက် နေတယ်။ ရှင်လှနဲ့ ဖခင်စကားတောင်စားတို့ကတော့ ပဲခူးဟံသာဝတီကိုလိုက်ပါသွားကြရတယ်။ ဟံသာဝတီဆင်ဖြူရှင် မင်းက နန်းတွင်း မိညိုအဖြစ်ထင်ရှားတဲ့ ရှင်လှကို မရွှတ်မချထား ပါတယ်။ ကညင်မြောက်မြို့ကိုတောင် မြို့စားအရာပေးခဲ့ပါ သေးတယ်။ မနော်ဟာရီမျိုးကို ဟံသာဝတီ နန်းတွင်းမှာပဲ မွေးဖွားခဲ့တာပါ။

စကားတောင်စား ပဲခူးဟံသာဝတီ ရောက်ရှိခဲ့ပုံ ကလည်း စိတ်ဝင်စားစရာပါပဲ။ ၁၅၅၁-ခုနှစ်မှာ အင်းဝဘုရင် မိုးဗြဲနရပတိက ဟံသာဝတီဆင်ဖြူရှင်ဆီကို ဝင်ရောက် သစ္စာခံတယ်။ ဒီတော့ အင်းဝမှာ စည်သူကျော်ထင်က နရပတိစည်သူဘွဲ့မည်နဲ့ နန်းတက်တယ်။ စကားတောင်စားက နရပတိစည်သူရဲ့ နန်းတွင်းအမတ်ကြီးပါ။ နရပတိစည်သူ

မင်းလက်ထက်မှာ စကားတောင်စားကို ပဲခူးဟံသာဝတီကို စေလွှတ်ပြီး မဟာမိတ်ဖွဲ့တယ်။ စကားတောင်စားက စကားအပြောအဆို ယဉ်ကျေးသိမ်မွေ့တော့ ဟံသာဝတီသားတွေ သဘောကျကြတာပေါ့။

၁၅၅၅-ခု အင်းဝကို ဟံသာဝတီဆင်ဖြူရှင်သိမ်းပိုက်တော့ စကားတောင်စား တို့သားအဖကို ပဲခူးဟံသာဝတီ ခေါ်သွားပါတယ်။ တစ်ကယ်တော့ နန်းကျအင်းဝဘုရင် နရပတိစည်သူနဲ့အတူ လိုက်ပါလာခဲ့ရတာဖြစ်ပါတယ်။

ဒါကြောင့် စကားတောင်စားဆိုတာ စာရေးဆရာရဲ့ ဖန်တီးမှုသက်သက် မဟုတ်ပဲ အပြင်မှာ တကယ်ရှိခဲ့ဖူးတဲ့ နန်းတွင်းအရာရှိကြီးတစ်ဦးပါပဲ။

❑ ❑ ❑

ဖူးပွင့်မဟူဆိုင်



**မွန်ပြည်နယ် "ရေး" မြို့ကို ဘာကြောင့် "ရေး" လို့ ခေါ်ကြတာပါလဲ၊ ရေးမြို့ရဲ့ သမိုင်းကြောင်းကို သိလိုပါတယ်၊**

ရေးမြို့ကို မွန်ဘာသာအရေးအသား(ရေဝ်)ကလာတာ ဖြစ်ပါတယ်။ မြန်မာ အဓိပ္ပာယ်က (စကား)လို့ အဓိပ္ပာယ် ရပါတယ်။ ရှေးခေတ်အခါတုန်းက ရေးမြို့ တည်ရှိရာနေရာဟာ လမ်းဆုံလမ်းခွဖြစ်ပြီးတော့ အနယ်နယ်အရပ်ရပ်က လာသမျှ သူတွေ ဒီအရပ်မှာ စကားစမြည်ပြောဆိုကြပါတယ်။ ဒါကြောင့် စကားစမြည်ပြောဆိုရာအရပ် အဖြစ်မွန်ဘာသာအသံထွက် အတိုင်း ရေးမြို့လို့ ခေါ်ကြတယ်။

ရေးမြို့ရဲ့မူလမြို့တော်ဖြစ်တဲ့ အဝိဋ္ဌဝေယပူရမြို့ကို မာရဒေဝီမင်းသမီးရဲ့ မှူးမတ်တွေက ဧ၊ ဍ၊ ၇၃၃-အေဒီမှာ တည်ထောင်ခဲ့ကြတယ်။ အဲဒီမြို့က နှစ်ပေါင်း(၅၇)နှစ် အကြာ အေဒီ၇၈၉-ခုနှစ်မှာ ပျက်သုဉ်းသွားတယ်။ ဟံသာဝတီဘုရင် ရာဇာဓိရာဇ် လက်ထက် ၁၆-၃-၁၄၃၈ ခုနှစ်မှာ မြို့ဟောင်းကို ပြန်ပြုပြင်ပြီး ရာဇသီဟဝေယျပူရလို့ အမည်ပေးတယ်။ ရေးမြို့ လို့ အမည်တွင်လာတာကတော့ ဓမ္မစေတီမင်းလက်ထက်ကျ မှပါ။ အဲဒီတုန်းက ရေးမြို့က မုတ္တမ(၃၂)မြို့အဝင် မြို့တစ်မြို့ ဖြစ်ပါတယ်။ ဒါပေမယ့် အလောင်းမင်းတရားလက်ထက်မှာ ပဲခူး ဟံသာဝတီကို စစ်အောင်နိုင်တော့ မွန်ဒေသ ဖြစ်တဲ့ ရေးမြို့ ဟာလည်း မြန်မာမင်းပိုင်ဖြစ်လာတယ်။

ဘိုးတော်ဘုရားလက်ထက် ၂၉ ဧ၊ ၁၇၈၄-ခုနှစ်မှာ အသက် ၄၅-နှစ်ရှိတဲ့ ရေးမြို့သူကြီး ဦးအောက်စည်က စစ်တမ်း ဆက်သွင်းပါတယ်။ အဲဒီ စစ်တမ်းအရ သူကရိုးရာသူကြီး

တစ်ယောက် မဟုတ်ဘဲ ၁၇၇၄-ခုနှစ် မုတ္တမမြို့ ပျက်သွားပြီး နောက်ပိုင်းမှာ မြို့သူကြီးရာထူးခန့်အပ်ခံရတာဖြစ်တယ်။ နောက်ထပ်အမည်သိရတဲ့ ရေးမြို့သူကြီး တစ်ယောက်ကတော့ ဦးအောက်သီပဲဖြစ်ပါတယ်။ ဦးအောက်သီဟာ ၁၈၁၈-ခုနှစ်မှာ ရေးမြို့ကိုယိုးဒယားသားတွေဝင်ရောက်နှောက်ယှက်ပြီးအမြောက် လက်နက်တွေ ယူဆောင်သွားမှုကြောင့် သား ဝဇော်ပိန်နဲ့ အတူ မုတ္တမမြို့ဝန်ရဲ့ စီရင်ခြင်းခံရပါတယ်။

ကုန်းဘောင်ခေတ်ဦးကာလက ရေးမြို့မှာ မြို့ဝန် တစ်ယောက်ကိုလည်းခန့်ထား အုပ်ချုပ်စေပါတယ်။ ရေးမြို့ဝန် အချို့ရဲ့ အမည်စာရင်းကို ရှာဖွေတွေ့ရှိရသရွေ့ ဖော်ပြပါမယ်။

၂၄ ၁၇၇၁-ခုနှစ်မှာ လက်ဝဲစေယျသကြိန်ရေးမြို့ဝန် ရာထူးခန့်အပ်ခံရပါတယ်။ ဒါပေမယ့် သူကမြို့သူမြို့ သားတွေ အပေါ် ထောက်ညှာမှုမရှိလို့ ၁၇၇၄-ခုနှစ်မှာ ရာထူးက ဖယ်ရှား ခံခဲ့ရတယ်။ ၁၇၇၄-ခုနှစ် နောက်ပိုင်း ဗညားစိန်ရဲ့ ပုန်ကန်မှု ကြောင့် ရေးမှာနေထိုင်သူ မရှိပါဘူး။

၁၇၇၇-ခုနှစ်မှာ ရေးကို နေထိုင်သူအချို့ ပြန်ရောက် လာကြတယ်။ ဥဒိန်ရွှေတောင် ရေးမြို့အုပ်ရာထူးခန့်ခံရလို့ ရောက်လာပါတယ်။ ဒါပေမဲ့ ၃ - နှစ်ပဲ နေပြီး မုတ္တမ ပြန်သွားတယ်။

၁၇၈၀-ခုနှစ်မှာ ဂဇာဒိန္နရေးမြို့ဝန်ရာထူးရလို့ ၂၂ ၁၇၈၁-ခုနှစ်မှာ သောင်ပြင်ရွာရောက်လာ ပါတယ်။ သူက ၃နှစ် အမှုထမ်းပြီး မုတ္တမကို ပြန်သွားတယ်။

၃၀၊ ၁၁၊ ၁၇၈၃-ခုနှစ်မှာ သာလှကျော်သူမြို့ဝန်ဖြစ်လာပါတယ်။ ၁-နှစ်ပဲ အမှုထမ်းပြီးမှဌာနပြန်သွား ပါတယ်။

၁၂၊ ၂၊ ၁၇၈၅ - ခုနှစ်မှာ အထွေရံမြို့ သူကြီး ရဲစက်ကျော်ထင် ရေမြို့အုပ် ရာထူးခန့်ခံရတယ်။ သောင်ဖြင် ရွာမှာ ၂-နှစ်နေပြီး ပြန်သွားတယ်။ အဲဒီအတောအတွင်း ယိုးဒယား-မြန်မာစစ်ပွဲတွေဖြစ်နေပါပြီ။

၇၊ ၂၊ ၁၇၉၄-ခုနှစ်မှာ နရာသမန်းကျော် ရေမြို့ဝန် ရာထူးရတယ်။ ၅-နှစ် အမှုထမ်းပြီး နေပြည်တော်က ပြန်ခေါ် ပါတယ်။

၄၊၁၁၊ ၁၇၉၈-ခုနှစ်မှာ သီရိဥက္ကမကျော်ထင်မြို့ဝန်ဖြစ် လာတယ်။ ရေမြို့မှာ ၃-နှစ် အမှုထမ်းပါတယ်။

၁၈၀၁-ခုနှစ်မှာ သူရရဲကျော်ထင် ရေမြို့ဝန်ရာထူး ရပါတယ်။ သူ့ကို ၁၂ နိုဝင်ဘာ၊ ၁၈၀၈-ခုနှစ်မှာ ဖုံချီရဲခေါင် ကျော်က ဆက်ခံပါတယ်။ အဲဒီရေမြို့ဝန်ကတော့ ၁၈၁၂-ခုနှစ်က မော်လမြိုင်မြို့ မုပွန်ရပ်မှာ လှေမှောက် လို့ ကွယ်လွန် သွားရှာပါတယ်။

၁၈၁၂-ခုနှစ် မှာ ရဲခက်ကျော်ခေါင် ရေမြို့ဝန် ဖြစ်လာ ပြန်တယ်။ သူက ၁၉-ဇန်နဝါရီ ၁၈၁၃-ခုနှစ်မှာ ရောက်လာပြီး ၅-နှစ်အုပ်ချုပ်တယ်။ ၁၈၁၇-ခုနှစ်မှာ နေပြည်တော်ပြန်ခေါ် အကျဉ်းချခံရတယ်။ အဲဒီအတော အတွင်း သမိန်ဖြူက မုဋ္ဌမနဲ့ ပူးတွဲအုပ်ချုပ်ပါတယ်။

ဖူးပွင့်မှုကြိုင်

၁၅၊ ၁၁၊ ၁၈၁၈-ခုနှစ်မှာ ရဲခေါင်ကျော်ထင် မြို့ဝန် ရာထူးရတယ်။ ၁၈၁၉-ခုနှစ် ဘကြီးတော်နန်းတက် တော့ မောင်ပုကို ရေမြို့အုပ်အရာ ရပါတယ်။ မောင်ပု နေပြည်တော်ကို သမိန်ဖြူနဲ့ လိုက်သွားတော့ သီရိကျော်စွာ မြို့အုပ် ဖြစ်ပါတယ်။ အဲဒီအတောအတွင်း ရဲခက်ကျော်ခေါင်မြို့ဝန် ရာထူးရတယ်။

၁၈၂၃-ခုနှစ် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲဖြစ်လာတော့ နေမျိုးမင်းကျော်စွာဘွဲ့ခံ ဦးရွှန်း ရေမြို့ဝန်ဖြစ်နေပါပြီ။

❑ ❑ ❑



**မြန်မာအရှင်တွေလက်ထက် အဆက်ဆက်မှာ တရုတ်သံအဖွဲ့တွေ မြန်မာနိုင်ငံ ကို လာရောက်ခဲ့ကြောင်း မှတ်တမ်းမှတ်ရာ အတော်များများတွေ့ရှိရတယ်။ ဥပမာ ကုန်းဘောင်ခေတ်မှာဆိုရင် ဒုတိယနဝဒေးရဲ့ တရုတ်သံရောက် မော်ကွန်းတို့ ဘာတို့ပေါ့။ မြန်မာက တရုတ်ဘက်ကို သွားရောက်တဲ့ သံအဖွဲ့တွေအကြောင်းကို သိလိုပါတယ်။**

မြန်မာနိုင်ငံက တရုတ်နိုင်ငံကို ပျူခေတ်ကာလကတည်းက သံတမန်အဖွဲ့တစ်ဖွဲ့ သွားရောက်ခဲ့ဖူးပါတယ်။ အလားတူပုဂံခေတ်၊ ဒုတိယအင်းဝခေတ်၊ ကုန်းဘောင်ခေတ်တွေမှာလည်း မြန်မာသံအဖွဲ့တွေ သွားရောက်ခဲ့ကြဖူးပါတယ်။ မှတ်တမ်း မှတ်ရာတွေလည်းရှိတန်သလောက်တော့ ရှိပါတယ်။ တိမ်မြှုပ်ပျောက်ကွယ် သွားကြလို့ပါ။

ပျူခေတ် တရုတ်နိုင်ငံသွား သံအဖွဲ့နဲ့ ပတ်သက်လို့တော့ ခေတ်ပြိုင်တရုတ် မှတ်တမ်းတွေမှာ အသေးစိတ် တွေ့ရှိရပါတယ်။ တကယ်တော့ အဲဒီပျူအဖွဲ့ဟာ သံအဖွဲ့ဆိုတာထက် ယဉ်ကျေးမှုအဖွဲ့လို့ ဆိုရလိမ့်မယ်ထင်ပါတယ်။ ပျူအဖွဲ့မှာ အဖွဲ့ဝင် ၃၅-ယောက်ပါဝင်ပြီး မင်းသားသုနန္ဒ၊ အမတ်ကြီး နကျကုဋ္ဌနဲ့ မဟာသေနတို့က အုပ်ချုပ်ကြတယ်။ ခရစ်နှစ် ၈၀၁-ခုနှစ် ခွန်၊ ဇူလိုင်လောက်မှာ ပျူသံအဖွဲ့ သရေခေတ္တရာက စတင်ထွက်ခွာခဲ့ကြတယ်။ ၁၃-၂ ၊ ၈၀၂-ခုနှစ်မှာ ပျူဂီတအဖွဲ့ဟာ ထန်မင်းဆက်ရဲ့ မြို့တော်ချန်အန်ကို ရောက်ရှိဖျော်ဖြေကြတယ်။ တူရိယာ ၃၂-ခု ပါဝင်ပြီး သီချင်း(၁၂)ပုဒ်

ပျောက်ပြေခဲ့ကြပါတယ်။ အဲဒီပျူအဖွဲ့နဲ့ ပတ်သက်ပြီး တရုတ်ကဗျာဆရာကြီး ပေါ်ကျူယီကတောင် ကဗျာရေးဖွဲ့ခဲ့ပါသေးတယ်။ ပျူအဖွဲ့ဟာ ၈၀၂-ခု၊ ဇူလိုင်လလောက်မှာ သရေခေတ္တရာ ပြန်ရောက်ကြတယ်။

ပုဂံခေတ်မှာ တရုတ်နိုင်ငံကို သံတမန်အဖွဲ့ စေလွှတ်မှုတွေ ရှိခဲ့ပါတယ်။ ထင်ရှားတဲ့ တရုတ်ခေတ်ပြိုင် မှတ်တမ်းတစ်စောင်ဖြစ်တဲ့ တရုတ်ပညာရှိ တိုတို (TO TO) ရဲ့ ဆွန်မင်းဆက်ရာဇဝင်သစ် (Tsung Shih) ပုဂံမင်းပြည် အခန်း၄၈၉၊ အပိုင်း(၃)မှာ ခရစ်နှစ် ၁၁၀၆-ခုနှစ် ကျန်စစ်သားမင်း စေလွှတ်တဲ့မြန်မာသံအဖွဲ့ ခိုင်ပင် (Kai Peng) မြို့တော်ကို ရောက်ရှိလာကြောင်းဖော်ပြပါရှိပါတယ်။ မြန်မာသံအဖွဲ့ကို မကြာမီက ရောက်ရှိလာခဲ့တဲ့ သိန်ဂိုဇယ (စန်းဖို့ချီဟူး)သံအဖွဲ့ဝင်ချွန်ယန်တွေ ကြိုဆိုသလို ကြိုဆိုဧည့်ခံကြရမယ်လို့ တရုတ်ဧကရာဇ်က အမိန့်ထုတ်ပြန်ခဲ့ကြောင်း ဆိုပါတယ်။ ဒို့ပြင် အလောင်းစည်သူလက်ထက် ၁၁၃၇-ခုနှစ်၊ နရသူလက်ထက် ၁၁၆၃ ခုနှစ်တွေမှာလည်း တရုတ်နိုင်ငံကို မြန်မာသံအဖွဲ့တွေ သွားရောက်ခဲ့ပါသေးတယ်။

၁၂၈၆-ခု နွေနှောင်းလောက်မှာ ပုဂံကထွက်ခွာသွားတဲ့ ဆရာတော် ရှင်ဒိသာပါမောက္ခရဲ့ ငြိမ်းချမ်းရေး အဖွဲ့ကတော့ သမိုင်းမှတ်တမ်းမှာ ထင်ရှားလှပါတယ်။ ဆရာတော်က ၁၂၈၇-ခုနှစ်၊ ဇန်နဝါရီလောက်မှာ ပုံကျင်း (တယ်တူ)ကို ရောက်ရှိခဲ့တာပါ။ အင်းဝခေတ်မှာတော့ နှစ်(၄၀) မဲ့သရာစ်စစ်ပွဲအပါအဝင် အားပြိုင်မှုတွေကြောင့် တရုတ်နိုင်ငံနဲ့သံ


အဆက်အဆံ သိပ်ရှိခဲ့ဟန်မတူပါဘူး။ ဒါတောင် ညောင်ရမ်း ခေတ်နှောင်း မဟာဓမ္မရာဇာဓိပတိ လက်ထက်မှာ ထိုင်း နိုင်ငံကိုသံအဖွဲ့တစ်ဖွဲ့စေလွှတ်ခဲ့ပါသေးတယ်။ မြန်မာသံအဖွဲ့မှူး သိဋ္ဌိစော်ဘွား၊ တမန် ကျော်ထင်နဲ့ တမန် ရာဇကျော်တို့ လိုက်ပါ ကြပြီး ၁၁ မတ်၊ ၁၇၄၉ - ခုနှစ်မှာ မနော်ရမ် သံတဲကစထွက်ကြ ပါတယ်။ လမ်းခရီးမှာ မြို့(၇၁)မြို့၊ မြစ်(၁၉)စင်းနဲ့ စခန်း(၁၇၉) ခုကို ဖြတ်ကျော်ခဲ့ကြတယ်။ ပြီးတော့ လက်ဆောင်တော် ဆင်(၁၀)စီးနဲ့အတူ ၁၉၊ ၇၊ ၁၇၅၁-ခုနှစ်မှာ ထိုင်းဧကရာဇ် နန်းတော်ကို ရောက်ရှိခဲ့ကြပါတယ်။ အပြန်ခရီး ကိုတော့ မသိရသေးပါဘူး။

ကုန်းဘောင် ခေတ်ဦးကာလ ဘိုးတော်ဘုရား လက်ထက်မှာတော့ မြန်မာသံအဖွဲ့တစ်ဖွဲ့ ထိုင်းနိုင်ငံကို သွားရောက်ခဲ့ပါတယ်။ ဘိုးတော်ဘုရားထီးနန်းစိုးစံစဉ်အတွင်း ၂၉ ၊ ၅ ၊ ၁၇၈၇-ခုနှစ်မှာ ထိုင်းနိုင်ငံက သံအဖွဲ့ မြန်မာ ဘုရင့်နန်းတော်ကို ရောက်ရှိလာကြပါတယ်။ အဲဒီသံအဖွဲ့ တွေဟာ ၁၀၊၆၊ ၁၇၈၇-ခုနှစ်မှာ ထိုင်းနိုင်ငံကို ပြန်လည် ထွက်ခွာကြတော့ မြန်မာသံအဖွဲ့လိုက်ပါ သွားကြတာဖြစ် ပါတယ်။ မြန်မာသံအဖွဲ့ကို သံကြီးအဖြစ် ဝန်းမော် စော်ဘွား ဝေလုသာရ၊ အဖွဲ့ဝင်တွေအဖြစ် အမတ် နေမျိုးရွှေတောင်၊ သီဟကျော်ခေါင်နဲ့ ဝန်းမော်မြို့စာရေးဦးကံ တို့ လိုက်ပါခဲ့ကြ ပါတယ်။ ဝန်းမော်စော်ဘွားဝေလုသာရဟာ လမ်းခရီးမှာ ကွယ်လွန်သွားတော့ ကျန်သံအဖွဲ့ဝင် တွေဟာ ထိုင်းလို ကျွမ်းကျင်တဲ့ မြို့စာရေးဦးကံကိုပဲ ဦးဆောင်ခိုင်းခဲ့ရပါတယ်။

တရုတ်ပြည်က အပြန်မှာ ဦးကံဟာ နေမျိုးမင်းလှဘွဲ့နဲ့ ဇနီးမောင် တော်ဘွဲ့အရာရရှိခဲ့ ပါတယ်။

မင်းတုန်းမင်းလက်ထက် ၁၈၇၃-ခုနှစ်၊ တရုတ်နိုင်ငံသွား မြန်မာသံအဖွဲ့ကတော့ နောက်ဆုံး တရုတ်ပြည်သွား သံအဖွဲ့ဖြစ်မယ် ထင်ပါတယ်။ အဲဒီသံအဖွဲ့ကို လွှတ်တော် စာရေးကြီး ဦးဘူက ဦးဆောင်ပြီး ဦးသာဘူးနဲ့ မြို့တိုက်သံ တော်ဆင့် ဦးတုတ်တို့ လိုက်ပါခဲ့ကြကြောင်း သိရှိရပါတယ်။ သံအဖွဲ့ဟာ ဇနီးမော်မြို့က တစ်ဆင့် သွားရောက်ခဲ့ကြတာပါ။ တရုတ်ပြည် ဖုကျန့်နယ် အေမီမြို့နားကိုရောက်တော့ ကွန်းခေါက်မြို့တော်က ဂုတ္တအနွယ်ဘုရားရှိခိုးကျောင်း ကိုတောင် ဝင်ရောက် လေ့လာခဲ့ကြပါသေးတယ်။

❑ ❑ ❑



**အလောင်းမင်းတရားကြီးက မိဖုရားခေါင်ကဖွားမြင်တဲ့ သားတော်တွေကို အစဉ်အဆက်ကြီးစဉ်ယဉ်လိုက် မင်းပြုကြဖို့ မိန့်မှာခဲ့တယ်လို့ မှတ်သားရပါ ပါတယ်၊ အလောင်းမင်းတရား ရဲ့သားတော်တွေထဲမှာ ရှင်ဘုရင်မဖြစ်ခဲ့သူ ဘယ်နှစ်ဦးရှိပါ သလဲ၊**

အလောင်းမင်းတရားကြီး(ဦးအောင်ဇေယျ)နဲ့ မိဖုရား ခေါင်(ခင်ယွန်းစံ)တို့မှာ သားသမီး (၉)ဦး ထွန်းကားပါတယ်။ သူတို့တွေက မောင်လောက်၊ မောင်ရွှ၊ မယ်သာ၊ မောင်ပိုး၊ မယ်မြတ်လှ၊ မောင်ဝိုင်း၊ မယ်ရွှေအိမ်၊ မောင်စိုး၊ မောင်ဘိုးရှင် တို့ပဲဖြစ်ပါတယ်။ အမျိုးသမီးသုံးဦးကို ဖယ်လိုက်ရင် အမျိုးသား (သားတော်)တွေက (၆)ဦးရှိပါတယ်။ အဲဒီထဲမှာ ရှင်ဘုရင်ဖြစ် ခဲ့သူဆိုလို့ မောင်လောက်(နောင်တော်ကြီး) မောင်ရွှ(ဆင်ဖြူရှင်) နဲ့ မောင်ဝိုင်း(ဘိုးတော်ဘုရား) တို့ပဲရှိပါတယ်။

အလောင်းမင်းတရားကြီးရဲ့ အစီအစဉ်အရဆိုရင် မောင်ရွှ (ဆင်ဖြူရှင်)ပြီးရင် မောင်ပိုးကနန်းတက်ရမှာဖြစ် ပါတယ်။ ဒါပေမယ့် ဆင်ဖြူရှင်က ညီတော်ကို ထီးနန်း အရိုက်အရာမပေးခဲ့လေတော့ ရှင်ဘုရင်ဖြစ်မလာတော့ဘူးပေါ့။ ဒါကြောင့် ရှင်ဘုရင်မဖြစ်ခဲ့သူတွေက မောင်ပိုး၊ မောင်စိုးနဲ့ မောင်ဘိုးရှင်တို့ပါပဲ။

**မောင်ပိုး ။** ။ မောင်ပိုးကို အမြင့်မင်းသားကြီးအဖြစ် သိကြ ပါတယ်၊ မောင်ပိုးဟာ ၁၇၄၀-ခုနှစ်မှာ ဖွားမြင်ခဲ့တာ ဖြစ်ပြီးအလောင်းမင်းတရားလက်ထက်နဲ့နောင်တောင်ဘုရင်တွေ လက်ထက်မှာ အမြင့်မြို့ တလုပ်မြို့တွေကို မြို့စားအရာပေးအပ်

ခံခဲ့ရပါတယ်။ မောင်ပိုးရဲ့မင်းပေးဘွဲ့အမည်ကတော့သုဓမ္မရာဇာဖြစ်ပါတယ်။ အမြင့်မင်းသား မောင်ပိုးဟာ စဥ့်ကူးမင်းလက်ထက် ၂၆၊ ၉၊ ၁၇၇၇-ခုနှစ်မှာ မသင့်မတင့် ကြံစည်တယ်ဆိုပြီးအပြစ်ပေးစီရင်ခြင်းခံခဲ့ရပါတယ်။ အမြင့်မင်းသား မောင်ပိုးမှာ မောင်အုံ ဆိုတဲ့ သားတစ်ယောက်ရှိပြီး အဲဒီ မောင်အုံကမြင်စည်မြင်းမှူးမောင်ဝင်းရဲ့သမီးမလှမြတ်နဲ့ စုံဖက်ခဲ့ပါတယ်။

**မောင်စိုး ။** ။ မောင်စိုးကို ၁၇၄၉ - ခုနှစ်မှာ ဖွားမြင်ခဲ့ပါတယ်။ သူက ပုခန်းကြီးမြို့ကို မြို့စားအရာရရှိခဲ့ဖူးလို့ ပုခန်းမင်းသားကြီးအဖြစ်ထင်ရှားပါတယ်။မင်းပေးဘွဲ့အမည်ကတော့သတိုးမင်းလှမင်းရဲ့ကျော်စွာပဲဖြစ်ပါတယ်။နောက်ပိုင်း ပုခန်းကြီးမြို့အပြင် ကလေးမြို့စားအရာပါ ရရှိခဲ့တယ်။ ဘိုးတော်ဘုရားလက်ထက်ရောက်တော့ တလုပ်မြို့ကို မြို့စားအရာ ထပ်မံပေးအပ်ခံရပါတယ်။ ပုခန်းမင်းသားကြီးမောင်စိုးဟာ မိဖုရားခေါင်ကြီးခင်ယွန်းစံရဲ့ ဟူမရင်းနဲ့ စုံဖက်ခဲ့သူဖြစ်ပါတယ်။ သူတို့ရဲ့လက်ထပ်မင်္ဂလာပွဲမှာ စိန္တကျော်သူဘွဲ့ခံ စာဆိုတော်ဦးဩက "သပြေညွန့်ရှင်၊ မဉ္ဇူပင်နှင့်" အစချီရတုကို ဆက်သခဲ့ပါသေးတယ်။ ပုခန်းမင်းသားကြီးမောင်စိုးဟာ ၁၈၂၀-ခုနှစ် မှာ မင်းကွန်းအထက်ရွာရောင်းရွာမှာ ကွယ်လွန်သွားပါတယ်။

**မောင်ဘိုးရှင် ။** ။ မောင်ဘိုးရှင်ဟာ အလောင်းမင်းတရားနဲ့ မိဖုရားခေါင်တို့ကမွေးတဲ့ အငယ်ဆုံးသားပါ။ သူ့ကို ၁၇၅၄-ခုနှစ်မှာ ရတနာသိခ်နန်းတော်ထက်မှာ ဖွားမြင်ခဲ့တာဖြစ်ပါတယ်။ အလောင်းမင်းတရားနဲ့ နောင်တော်ကြီး တို့လက်ထက်တွေမှာ ပင်းတလဲမြို့၊ မြင်စိုင်းမြို့တွေကို မြို့စားအရာရရှိခဲ့ဖူးတယ်။ ဒါကြောင့် သူ့ကိုပင်းတလဲ မင်းသားလို့ လူသိများ

ပါတယ်။ ဘိုးတော်ဘုရားလက်ထက်ရောက်တော့လဲ ပင်းတလဲ နယ်ကိုပဲ ဆက်ပြီးမြို့စားအရာရတယ်။

ပင်းတလဲမင်းသားမောင်ဘိုးရှင်ဟာ ဗဒုံမင်းသား မောင်ဝိုင်း ထီးနန်းရရှိဖို့အတွက် ဖောင်းကားစား မောင်မောင်ကို တိုက်ခိုက်ရာမှာ ရွတ်ရွတ်ချွံချွံပါဝင်ခဲ့တယ်။ ဒါကြောင့်လဲ ဗဒုံမင်းသားက သူဘုရင်ဖြစ်ရင်ညီတော်ကို နန်းလျာထားမယ်လို့ ကတိပြုခဲ့တယ်။ ဒါပေမယ့် ဗဒုံမင်း တကယ်တန်းနန်းတက်တဲ့ အခါကျတော့ ညီတော်မောင်ဘိုးရှင်ကို အိမ်ရှေ့အရာမပေးဘဲ သူ့သားတော်ကြီး ဦးပေါ်ကိုသာ အိမ်ရှေ့ဥပရာဇာရာထူး ခန့်အပ်ခဲ့တယ်။ ဒါကြောင့် ဘိုးတော် ဘုရား(ဗဒုံမင်း) နန်းတက် စမှာ ဘုရင်ဆင်စီးပြီး မြို့ထဲထွက်တော့ ပင်းတလဲ မင်းသား မောင်ဘိုးရှင် က ချောင်းမြောင်းပြီး သေနတ်နဲ့ ပစ်ခတ် လုပ်ကြံတယ်။ ကျည်ဆံက ဗဒုံမင်းကို တိုက်ရိုက် မထိမှန်ပေမယ့် မောင်ဘိုးရှင်အပြစ်ပေးခံရတယ်။ ဒါကြောင့် ပင်းတလဲ မင်းသား မောင်ဘိုးရှင် ၂၈၊ ၄၊ ၁၇၈၄-ခုနှစ်မှာ အဆောင်အရွက် အစီးအနင်းတွေ ရုတ်သိမ်းခံရတယ်။

ဘိုးတော်ဘုရားက သူ့ညီကို သက်ညှာတဲ့အနေနဲ့ အိမ်ရှေ့မင်းသား ဦးပေါ်ရဲ့ တပ်မှာ လိုက်ပါအမှုထမ်းစေခဲ့တယ်။ ဒါပေမယ့် ထီးနန်းကို လုပ်ကြံဖို့ ထပ်မံကြိုးပမ်းမှုနဲ့ ၁၇၈၅-ခု၊ ဇူလိုင်လမှာ စီရင်ကွပ်မျက်ခံရပါတယ်။ ဒါကတော့ အလောင်း မင်းတရားနဲ့ မိဖုရားခေါင်တို့က မွေးဖွားတဲ့ ရှင်ဘုရင် မဖြစ်ခဲ့သူ သားသုံးယောက်ရဲ့ အကြောင်း တွေပါပဲ။

❑ ❑ ❑



**ကုန်းဘောင်ခေတ် နန်းတွင်းအရာရှိတွေက ကမ္ဘာ့ပထဝီဝင်ဘာသာရပ်နဲ့ မတ်သက်ပြီး လေ့လာဆည်းပူးမှု ရှိကြပါသလား။ ရှေးခေတ်မြန်မာတွေဟာ ဘုန်းတော်ကြီးကျောင်းတွေမှာ လေးကျွန်းတစ်မြင့်မိုရ်စနစ်နဲ့ ကမ္ဘာတည်ပုံတွေကို လေ့လာသင်ယူခဲ့ကြရလေတော့ ခေတ်မီကမ္ဘာ့ပထဝီဝင်ဘာသာရပ်မှာ အားနည်းနေပါမယ်ထင်ပါတယ်။**

မင်းတုန်းမင်းလက်ထက် ၁၈၅၅-ခုနှစ်မှာ အမရပူရကို ရောက်ရှိခဲ့ကြတဲ့ အာသာမယ်ရာရဲ့ သံအဖွဲ့ဝင် ဟင်နရီယူးလ်ကတော့ နန်းတွင်းထိပ်တန်း အရာရှိကြီးတစ်ဦးဖြစ်တဲ့ မကွေးမင်းကြီးဦးကြာဥဟာ ခေတ်မီ ပထဝီဘာသာရပ်တွေကို နားမလည်သဘောမပေါက်ဘူးလို့ဆိုပါတယ်။ မကွေးမင်းကြီးက ကမ္ဘာ့ မြေပုံဆွဲရင် လုံးဝန်းတဲ့ပုံစံမျိုးဆွဲမပြပါနဲ့၊ သူနားမလည်ဘူးတဲ့။ ဒါပေမယ့် "တိုင်းနိုင်ငံနှင့် မင်းနေပြည်တော်စာရင်း" လို့ ခေါင်းစဉ် တပ်ထားတဲ့ ကုန်းဘောင်ခေတ်ပုရပိုက် တစ်ဆူအရဆိုရင်တော့ နန်းတွင်းအရာရှိတွေရဲ့ ကမ္ဘာ့ပထဝီဘာသာရပ်ဆိုင်ရာ ဗဟုသုတတွေက အံ့မခန်းစရာပါပဲ။

အဲဒီပုရပိုဒ်အရ ကမ္ဘာပေါ်မှာရှိတဲ့ တိုက်ကြီး(၅)တိုက် အမည်တွေက (မူရင်းစာလုံးပေါင်းတွေအရဆိုရင်) ရှေတိုက်၊ ဥရောပတိုက်၊ အာဖရိက၊ မြောက်အမေရိက နဲ့ တောင်အမေရိကတိုက်တွေပါပဲ။ ဒါပေမဲ့ ဩစတေးလျတိုက် ကို "ဩစတြေလီယ ကျွန်း" ဆိုပြီး ကျွန်းကြီးတစ်ကျွန်းအဖြစ် စာရင်းသွင်းထားတာ တွေ့ရှိရပါတယ်။ ရှေတိုက်မှာ ပါဝင်တဲ့ နိုင်ငံနဲ့ မင်းနေပြည်တော် စာရင်းမှာ မြန်မာနိုင်ငံတော် (မန္တလေးရတနာပုံ)၊ ယိုးဒယား

မှုပွင့်မဂ္ဂဇင်း

(ဘန်ကောဲ)၊ ကမ္ဘောဒီးယား ယွန်းကြီး၊ ကောင်ရိယ(အခုခေတ် ကိုးရီးယား)၊ ဂျပ်(ယက်ဒိုး)၊ တရုတ်(ပဲကျင်)၊ တိဘက်(လာဆာ)၊ ဣန္ဒိယ (ကါလကတ္တား) ဘူတာ၊ နေပ(အခုခေတ် အခေါ် နီပေါ)၊ ဘလူချစ်စထ(?)၊ အာဖဂန်နစ်စတ(ကာဗ)၊ တာကစတန် (ဗဒါရာ)၊ ပါးရှားနိုင်ငံ၊ ဤရုံလည်းခေါ်သည်(တေရာ)၊ အာရဘီယ(မကာ)၊ စိုက်ဘေးရိယရွှတ်ရှားနိုင်ငံ အရှေ့ပိုင်းနဲ့ အေရှမိုင်းနားတူရကီနိုင်ငံအရှေ့ပိုင်းတို့ပါပဲ။

အာရှတိုက်(ရှ)မှာ နိုင်ငံ(၁၈)နိုင်ငံပါဝင်တာတွေ့ ရတယ်။ အဲဒီနိုင်ငံတွေထဲမှာ ဘလူချစ်စထ ဆိုတဲ့နိုင်ငံက ဘာနိုင်ငံမှန်းမသိပါဘူး။ နိုင်ငံရဲ့ မြို့တော်အမည်ကို "ကက်လယ်" လို့ရေးထားတယ်။ ဥရောပတိုက်အတွင်းမှာတော့ နိုင်ငံ(၂၀) ပါတယ်။ အဲဒီနိုင်ငံစာရင်းမှာ "အင်္ဂလံ၊ စကော့တလံ၊ အာရလံ ဥကျွန်းစပ် အင်္ဂလိပ်နိုင်ငံ"လို့ အစ ချီဖော်ပြထားတယ်။ ထူးခြားတာက ဒီနေ့ခေတ် စပိန်လို့ခေါ်တဲ့ နိုင်ငံကို စပါညိုနိုင်ငံ(မာဒရစ်)၊ ပေါ်တူဂီကို ပူတာကေနိုင်ငံ (လစ်စမန်)၊ ဂုမေးနီးယားကိုရောမာနီယ (ဗတ်ချာရက်)၊ ဩစတီးယားကို အောဆွရိယနိုင်ငံ (ဗရန်း)၊ ဘယ်လ်ဂျီယံနိုင်ငံကို ဘက်လဂျီယ (ဗရပ်ဆစ်)လို့ ရေးထားတာပါပဲ၊ နော်ဝေနဲ့ ဆွီဒင်နိုင်ငံတွေကို ပေါင်းနေတာ တွေ့ရပြီး ဒွေဒင်နော်ရဝေး နိုင်ငံ(စတော့ခုံး)လို့ တွေ့ရပါတယ်။

အာဖရိကတိုက်မှာတော့ နိုင်ငံ(၁၀)နိုင်ငံ ဖော်ပြထား ပါတယ်။ မော်ရော့ကို၊ အာလဂျေးလီယာ၊ တျူနစ်၊ ထြိပိုလီ၊ ဤဂျစ် (ကေရို)၊ အာဘေဘဆီနီယာ၊ အာဖရိကာအလယ်ပိုင်း၊ တောင်ပိုင်းနဲ့

အနောက်ပိုင်းနယ်စုတို့နဲ့ မာဒါဂါစကာ နိုင်ငံကျွန်းကြီးတို့ပါပဲ။ အမေရိကမြောက်ပိုင်းကျတော့ နိုင်ငံ(၅)နိုင်ငံပဲရှိတယ်။ အဲဒါတွေက ယူနိုက်တက်စတိတ်နိုင်ငံအသင်းစု(နူးရော)၊ ကနေဒါ၊ မက္ကဆီကို၊ အနောက်အိန္ဒိယကျွန်းစု၊ ဂရင်းလန်ကျွန်းတို့ ဖြစ်ပါတယ်။ အမေရိကတောင်ပိုင်း (တောင်အမေရိကတိုက်) မှာတော့ နိုင်ငံ(၁၂)နိုင်ငံ ဖော်ပြထားတယ်။

အမေရိကတောင်ပိုင်း နိုင်ငံတွေက ဘင်နီဇွေလ၊ ကိုလွန်ဘီယ၊ ဧကွေဒါ၊ ဘရေဇီး၊ ပီရူး၊ ဗလီဘီယ၊ ချီလီ (စံတရာဂို)၊ အာဂျင်တီး၊ လာပလာတာ၊ ပါတဂွန်နီး၊ ဥရုဂွေး၊ ပါရဂွေး နိုင်ငံတွေပါပဲ။ စာရင်းအရ အမေရိကမြောက်ပိုင်းနဲ့ တောင်ပိုင်း (၂)စုက နိုင်ငံ(၁၇)နိုင်ငံပါရှိပါတယ်။ တိုက်လို့အမည်မတပ်တဲ့ ကျွန်းကြီး(၈)ကျွန်းစာရင်းမှာတော့ ဩစတြေပိယကျွန်း၊ ဗွန်မကြာ၊ ဂျာဗား၊ ဘော်နီယိုး၊ သီဟိုဠ်၊ ဖိလိပိုင်၊ နျူဂင်နီယ၊ နျူဇီလန်ကျွန်းတို့ပဲ ဖြစ်ကြပါတယ်။ ဒီပုရပိုက်က နန်းတွင်းအရာရှိကြီးတစ်ဦးပိုင်ဖြစ်ပေမယ့် ဘယ်သူဘယ်ဝါရဲ့ ပုရပိုက်ဆိုတာကိုတော့ အတိအကျ မသိရပါဘူး။

အလားတူ ပေစာတစ်စောင်ကို အမြင့်မြို့ဝန် (နောင်လက်ဝဲဝင်းမှူး) မင်းကြီးသူရမဟာမင်းခေါင်သမိန်ဘရမ်း (ဦးလတ်)ရဲ့ စာစုမှာ တွေ့ရှိရပါတယ်။ အဲဒီပေစာမှာ ဥရောပတိုက်ကနိုင်ငံတွေအမည်ကို ဂရိတ်ဗြိတံ၊ ပြင်သစ်၊ ရုရှား၊ ဇာမနီ၊ ပေါ်တကီ၊ တူရကီ၊ နီသာလံ စသဖြင့် ဖော်ပြထားပြီး အာရှတိုက်နိုင်ငံမြို့တွေစာရင်းမှာလဲ သီဟိုဠ်ကျွန်းကြီး၊ ဘင်္ဂလား၊

ဘုံဘိုင်၊ ပလောပီနံ၊ စင်္ကာပူ၊ မာလကာ၊ တာဝိလီယံ မော်ရိရှကျွန်း၊ ဟောင်ကောင် စသဖြင့် ဖော်ပြထားပါတယ်။ဟောင်ကောင် (ဟောင်ကောင်) အကြောင်းမှာဆိုရင် -

"အကျယ်အဝန်းတိုင် ၂၉၊ လူဦးရေ ၉၄၉၁၇၊ ထွက်သော အခွန်တော်ငွေပေါင်း ၉၄၁၈၂၀ ထွက်သောကို မြန်မာသက္ကရာဇ် ၁၂၀၅-ခုနှစ်တွင်တရုတ်မင်းစကရာဇ်က စာချုပ်ခံပြီးလျှင်အင်္ဂလိပ်မင်းသို့ပေးအပ်ရလေသည်။" လို့ ဖော်ပြထားပါတယ်။

ဒါကြောင့် မြန်မာနန်းတွင်းအရာရှိတွေဟာ ကမ္ဘာ့ ပထဝီဘာသာရပ်ဆိုင်ရာမှာ ဗဟုသုတ အဆင့်အတန်း မနိမ့်လှဘူးလို့ ဆိုနိုင်ပါတယ်။

❑ ❑ ❑



ရွှေအိမ်စည်ဆိုတဲ့ မင်းသမီးက ကျန်စစ်သားမင်းနဲ့ အပယ် ရတနာမိဖုရားတို့က ဖွားမြင်တဲ့သမီးတော်အဖြစ် ပုဂံရာဇဝင်မှာ ထင်ရှားပါတယ်၊ ရွှေအိမ်စည်ဟာ အိန္ဒိယတိုင်းသားပဋိကျွယား မင်းသားနဲ့ ချစ်ကြိုက်ခဲ့ကြောင်းလဲ ပုဂံရာဇဝင် ဇာတ်လမ်း တွေမှာ တွေ့ရပါတယ်၊ အချို့ကတော့ ရွှေအိမ်စည်ဟာ နရပတိစည်သူမင်းရဲ့ သမီးတော်သာ ဖြစ်တယ်လို့ ဆိုကြပြန် ပါတယ်၊ မြန်မာရာဇဝင်မှာ ရွှေအိမ်စည် နှစ်ယောက်ရှိခဲ့ တယ်လို့ ဆိုရမလိုဖြစ်နေပါတယ်၊

တကယ်တော့ ရွှေအိမ်စည် ဆိုတဲ့ မင်းသမီးက နှစ်ယောက်မကပဲ သုံးယောက် တောင်ရှိခဲ့ဖူးပါတယ်။ ပြီးတော့ လည်း မြန်မာရာဇဝင်ကျမ်းတွေမှာ ရွှေအိမ်စည်လို့ မရေးဘဲ "ရွှေအိမ်သည်" လို့ သာရေးပါတယ်၊ ရွှေအိမ်ဆိုတာကနန်းတော် ကိုခေါ်တာပါ။ ရွှေအိမ်သည်ဆိုတော့ နန်းတော်ထက်ဖွား မင်းသမီး ကလေးလို့ ဆိုလိုဟန်တူပါတယ်။

ပထမ ရွှေအိမ်သည်က ကျန်စစ်သားမင်းနဲ့ အပယ် ရတနာမိဖုရားတို့ရဲ့ သမီးတော်ပါ။ ရှင်မတောင်သမိုင်း အရ ကျန်စစ်သားမင်းနန်းတက်ချိန်မှာ ရွှေအိမ်သည်က (၁၈)နှစ် အရွယ်ရှိပြီဖြစ်လို့ သူ့ကို ခရစ်နှစ် ၁၀၆၆မှာ ဖွားမြင်တယ်လို့ ဆိုရမှာပါ။ ရာဇဝင်ဇာတ်လမ်းတွေအရတော့ ရွှေအိမ်သည်ဟာ အိန္ဒိယတိုင်းသားတစ်ဦးနဲ့ ချစ်ကြိုက် ခဲ့ဖူးတယ်။ ဒါကို ခမည်းတော်ကျန်စစ်သားမင်းကြီးသိသွားတော့ မှူးမတ်တွေနဲ့ တိုင်ပင်ပြီး သမီးတော်ကို လူမျိုးခြားတွေနဲ့ မပေးစားတော့ဘဲ

စောလူးမင်းရဲ့ သားတော်စောယွန်းနဲ့ ထိမ်းမြားလက်ထပ်စေခဲ့တယ်။

ရွှေအိမ်သည်နဲ့ ခင်ပွန်းစောယွန်းတို့က ဒု၊ ၁၁၀၉၀-ခုနှစ်မှာ သားတော် အလောင်းစည်သူမင်းကို ဖွားမြင်ပါတယ်။ အလောင်းစည်သူအပြင် စောမင်းလှဆိုတဲ့ သမီးတစ်ဦးကိုလည်း ဖွားမြင်ခဲ့ပါသေးတယ်။ ရွှေအိမ်သည်ရဲ့ သမီးစောမင်းလှဟာ အိမ်တော်ဝန်လို့ ယူဆရတဲ့ အိမ်သူကြီးသမန္တသူနဲ့ လက်ထပ်ခဲ့ပါတယ်။ ရွှေအိမ်သည်ဟာဖခမည်းတော်ကျန်စစ်မင်းလက်ထက်မှာပဲ ကြိလောကစူဠာမဏိဒေဝီဘွဲ့ကို ပေးအပ် ချီးမြှင့်ခံခဲ့ရပါတယ်။

ပုဂံခေတ်မှာပဲ ဒုတိယ ရွှေအိမ်သည် တစ်ယောက်ပေါ်ထွန်းခဲ့ပါသေးတယ်။ အဲဒီရွှေအိမ်သည်က နရပတိစည်သူမင်းနဲ့ မိဖုရားစောစနေတို့က ဖွားမြင်တာပါ။ မိဖုရားစောစနေနဲ့ သမီးတော်(၄)ပါးဖွားမြင်ရာမှာ ရွှေအိမ်သည် က အကြီးဆုံးသမီးပဲ ဖြစ်ပါတယ်။ ကျန်တဲ့သမီးသုံးပါးက စည်းခုံသည်၊ ကျောင်းတော်သည်နဲ့ မင်းရွှေခြူတို့ပါပဲ။ ရွှေအိမ်သည် ဟာ ပုသိမ်မြို့စားနာဂသမန်းရဲ့ဇနီးဖြစ်ပါတယ်။ ဒုတိယရွှေအိမ်သည်ဟာ ပထမရွှေအိမ်သည်ရဲ့ တီတော်စပ်သူလို့ဆိုနိုင်ပါတယ်။

အင်းဝခေတ်မှာ တတိယရွှေအိမ်သည်တစ်ယောက်ပေါ်ပေါက်ခဲ့ပါသေးတယ်။ အဲဒီရွှေအိမ်သည်ကတော့ အင်းဝဘုရင် နရပတိ(ခရစ်နှစ် ၁၄၄၂-၁၄၆၈)ရဲ့ သမီးတော်ပါပဲ။

နရပတိမင်းနဲ့ မိဖုရားကြီးအတုလသီရိမဟာ ရာဇဒေဝီတို့မှာ သားသမီး (၈) ဦး ထွန်းကားပါတယ်။ အကြီးဆုံးသားက အိမ်ရှေ့မင်းမဟာသီဟသူရဘွဲ့ ကနေ ဘုရင်ဖြစ်လာတဲ့ ပြည်ခုန်သီဟသူမင်းပါပဲ။ ဒုတိယသမီးတော်က ရွှေအိမ်သည် ပဲဖြစ်ပါတယ်။ ရွှေအိမ်သည်ရဲ့ ခင်ပွန်းအမည်ကို သီဟပတေ့ ငယ်လို့တွေ့ရပါတယ်။ သီဟပတေ့ငယ်ဟာ မိုးညှင်း သီဟပတေ့ ကြီးရဲ့သားဖြစ်ပြီး ပုခန်း၊ ဝန်းကျိဆယ်တိုက်နဲ့ ရဲလှေဆယ်စင်း တို့ကို စားရသူလို့ဆိုပါတယ်။

နရပတိရဲ့ သမီးရွှေအိမ်သည်ဟာ ငယ်ငယ်ရွယ်ရွယ် မှာပဲ ကွယ်လွန်သွားပုံရပါတယ်။ နရပတိမင်းကြီးဟာ ကွယ်လွန် သွားရှာတဲ့ သမီးတော်ရွှေအိမ်သည်ကို ရည်စူးပြီး ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ပါသေးတယ်။ ကျောက်စာရေးထိုး မှတ်တမ်းပြုရာမှာတော့ "အဆက်ဆက်သော သံသရာတွင် မကွာမကွေ၊ အဆွေစင်စစ်၊ သမီးတော်ချစ် နှင်နှင်ဖြစ်စေ ချင်သော" လို့ ရည်ညွှန်းထားတာတွေ့ရပါတယ်။

❑ ❑ ❑



**မဟော်သဓာဇာတ်တော်ကို ဇာတ်ကြီး(၁၀)ဘွဲ့အဝင် ဇာတ်တော်တစ်ပုဒ်အဖြစ် ဖတ်ရှုလေ့လာခဲ့ရဖူးပါတယ်၊ ဆရာတော်မင်းဘူးဦးဩဘာသရေးဖွဲ့ခဲ့တဲ့ မဟော်သဓာ ဇာတ်တော်ကြီးဝတ္ထုကလည်း မြန်မာစာပေမှာ အထင်အရှား ရှိပါတယ်၊ ငါးရာငါးဆယ် ဇာတ်တော်မှာ မဟော်သဓာဇာတ် မပါဝင်ကြောင်း ဆိုကြတာ ဟုတ်ပါသလား၊ ပြီးတော့ မဟော်သဓာဟာ ဇာတ်နိုင်ငံသား တစ်ဦးဖြစ်ကြောင်းဆိုကြတာရော မှန်ပါသလား။**

မဟော်သဓာ ဇာတ်တော်ကြီးဝတ္ထုဟာ ဇာတ်ကြီး (၁၀)ဘွဲ့ အဝင်ဖြစ်ပြီး မင်းဘူးဦးဩဘာသက ဇာတ်ဝတ္ထုအဖြစ် ရေးဖွဲ့ခဲ့တာ ဖြစ်ပါတယ်။ မဟော်သဓာဇာတ်က ငါးရာငါးဆယ် ဇာတ်တော်တွေမှာ ပါဝင်ပါတယ်။ မဟောသဓာ ဇာတ်လို့ မခေါ်ဘဲ မဟာဥမင်္ဂလာဇာတ်လို့ ရေးကြလို့ ရှာမတွေ့တာဖြစ်ပါလိမ့်မယ်။ ငါးရာငါးဆယ် ဇာတ်တော်မှာ ဇာတ်နံပါတ် (၅၄၂) အဖြစ် တွေ့မြင်နိုင်ပြီး ဘုရားလောင်းမဟော်သဓ (မဟော်သဓာ မဟုတ်ပါ) အကြောင်းရေးဖွဲ့ထားတာဖြစ်ပါတယ်။

မဟော်သဓဟာ မိတ္ထိလာပြည်ကျေးရွာသူဌေးတစ်ဦးရဲ့ သားလို့ ဆိုပါတယ်။ သူက ဘုရားလောင်းဖြစ်ပြီး ဖွားဘက်တော် တစ်ထောင်နဲ့အတူ ကစားခဲ့တဲ့နေရာမှာ ကြီးကျယ်ခန်းနားတဲ့ ဇရပ်၊ ရေကန်၊ ဥယျာဉ်တွေပြုလုပ်ပြီး လူတွေကို တရားဟောပါတယ်။ ပြီးတော့ အမှုတွေကိုလည်း စီရင်ဆုံးဖြတ်ပေးပါတယ်။ ဝိဒေဟရာဇ် မင်းကြီးကသတင်းကြားရတော့အမတ်တစ်ယောက်ကို လျှို့ဝှက်စေလွှတ်ပြီး စုံစမ်းစေပါတယ်။ မဟောသဓဟာ

ဖူးပွင့်မှတ်တိုင်

ခုနစ်နှစ်သား အရွယ်ကစပြီး အမှုခုနစ်ခုနဲ့ မင်းကြီးရဲ့ ပြဿနာ ဆယ်ရပ်ကို ဖြေနိုင်တယ်။ ဒါကြောင့် မင်းကြီးက သူ့ကိုခေါ်ပြီး သားအဖြစ် မွေးစားပါတယ်။

မဟောသဓ အရွယ်ရောက်တော့ အပ်ချုပ်သမား အသွင်နဲ့ အိမ်ထောင်ဖက် ထွက်ရှာတယ်။ အဲဒီမှာ အမရာနဲ့ တွေ့ပြီး ဉာဏ်ပညာ၊ အကျင့်သီလ၊ စာရိတ္တတွေကို စမ်းသပ် စစ်ဆေးပြီးမှ လက်ထပ်ယူတယ်။ သူ့ကို မနာလိုတဲ့ သူခမိန် လေးယောက်က ဝိဒေဟရာဇ်မင်းကြီးကို ကုံးတိုက်ကြလို့ မဟောသဓ ဒုက္ခရောက်ရသေးတယ်။ အဲဒီအချိန်မှာ ပဉ္စာလရာဇ် ဘုရင်စူဠနီမင်းက ကေဝဋ်အမတ်ကြီးရဲ့အကြံဉာဏ် အတိုင်းမိထိလာပြည်ကို လာတိုက်တယ်။ ဒါပေမဲ့ ပညာရှိ မဟောသဓက ကြိုတင်သိရှိနေလေတော့ ကောင်းကောင်း တွန်းလှန်နိုင်ခဲ့တယ်။ စူဠနီဘုရင်က မဟောသဓရဲ့ဉာဏ်စွမ်းကို နှစ်သက်လို့ သူ့ဆီလာအမှုထမ်းဖို့ ဖိတ်ခေါ်တယ်။ ဒါကြောင့် မဟောသဓ နောက်ပိုင်း စစ်သူကြီးဘဝနဲ့ ပဉ္စာလရာဇ်ကို သွားအမှုထမ်းတယ်။ အသက်ထက်ဆုံး အဲဒီမှာပဲ နေသွားတယ်။

ဝိဒေဟရာဇ်ဘုရင်ထီးနန်းစိုးစံတဲ့ ဝိဒေဟရာဇ် တိုင်းပြည်ဆိုတာ အခုတရုတ် ပြည်မကြီးကို ခေါ်တာလို့ဆို ပါတယ်။ ဆရာတော်ရှင်မဟာသီလဝံသဟာ ဓညဝတီ မြို့တော်က ရခိုင်ဘုရင်နရနုမင်း အိမ်ရှေ့မင်းဘဝက ကဗျာ ဖွဲ့နည်းသင်ကြားပေးရာမှာ "ကဝိကဗ္ဗပါသကျမ်း" တစ်စောင်ကို ရေးဖွဲ့ပြီး ဥပမာပြသင်ကြားပေးခဲ့ပါတယ်။ ကံအားလျော်စွာပဲ

အဲဒီကျမ်းပေမူကို အမှတ်မထင်ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။ ပေမူက ဆယ်ကြောင်းရေးပေ၊ ရွှေပိန်းချဖြစ်ပြီး "က"အစ"ယာ" အဆုံး စုစုပေါင်းပေ ၃အင်္ဂါ ၂ ရွက်ရှိပါတယ်။ ရတုရှည် အဖြစ်ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။

အဲဒီပေမူ ပေချပ်တွေထဲက ရတုပိုဒ်ရေ(၆၈)မှာ "တရုတ်ပြည်တွင်၊ သုံးမည် လွှမ်းကျော်၊ လောင်းရှင်တော်လျှင်း မဟော်မည်သာ၊ ဖြစ်သောခါက၊ လက်ယာစွယ်မြတ်၊ ထားခဲ့ မှတ်သား၊ ပြသဒ်နန်းထက်၊ ဘဝင်မိုးခေါင်၊ ခြောက်ရောင်အလျှံ တောက်ပုံမစဲ၊ ရစ်လည်ဝဲသည်၊ တက်ပဲမြင့်မြူး၊ ထွန်းဘန်းထူ" လို့ ရေးဖွဲ့ထားတာတွေ့ရပါတယ်။ ဒါကြောင့် မဟော်သစေတီ နေတဲ့ ဝိဒေဟရာဇ်ဆိုတာ တရုတ်ပြည်ဖြစ်ကြောင်း အင်းဝခေတ် ဆရာတော်ရှင်မဟာသီလဝံသ တို့လက်ထက်ကတည်းက အယူအဆတစ်ရပ် ရှိခဲ့ဖူးတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

❑ ❑ ❑

ဖူးမှင့်မကျိုင်



**မြန်မာရာဇဝင်ကျမ်းတွေမှာ ပုဂံခေတ်နှောင်းကာလကို ရေးဖွဲ့ကြတဲ့အခါ အမတ်ကြီးရာဇသင်္ကြန်အကြောင်း ကို အကျယ်တဝင့် ရေးဖွဲ့ခဲ့ကြပါတယ်။ ရာဇသင်္ကြန်ဟာ နရသီဟပတေ့မင်းကို ထီးနန်းရရှိစေဖို့အတွက် ဦးဆောင် ဦးရွက်ပြုခဲ့သူတစ်ဦးလို့လဲ မှတ်သားရပါတယ်။ အုတ်လှကြီးနဲ့ အုတ်လှငယ်တို့က အမတ်ကြီးရာဇသင်္ကြန်ရဲ့သားတွေ ဆိုတာ ဟုတ်ပါသလား။ သူတို့မိသားစု အကြောင်း ကျောက်စာရေးထိုးမှတ်တမ်းတင်ခဲ့တာတွေရှိပါသလား။**

အမတ်ကြီးရာဇသင်္ကြန်အကြောင်းကို မြန်မာရာဇဝင်ကျမ်းတွေမှာတော့ အတော်ကို အရေးပါတဲ့၊ ထင်ရှားတဲ့ နန်းတွင်းအရာရှိကြီးတစ်ဦးအသွင်ဖော်ရှုကြရပါတယ်။ဒါပေမယ့် သူ့အကြောင်းကို ကျောက်စာတွေမှာတော့ မတွေ့ရ သလောက်ပါပဲ။

မြန်မာရာဇဝင်ကျမ်းတွေအရ အမတ်ကြီး ရာဇသင်္ကြန်ဟာ လက်ရုံးရည် နှလုံးရည်နှစ်ရပ်စလုံးမှာ ထင်ပေါ်ကျော်ကြားခဲ့သူ ဖြစ်ပါတယ်။ ဥဇနာမင်း နတ်ရွာစံတဲ့အခါ အမတ်ကြီးရာဇသင်္ကြန်ဦးဆောင်တဲ့ နန်းတွင်းအရာရှိကြီး တွေကကိုယ်ရှုတ်အမှုအရာကြမ်းတမ်းတဲ့သားတော်သီဟသူကို ထီးနန်းဆက်ခံခွင့်မပေးခဲ့ပါဘူး။ တူတော် နရသီဟပတေ့ကိုသာ ထီးနန်းရရှိစေခဲ့ပါတယ်။ သီဟသူဟာ ဒလကို အပိုင်ခံရပြီး အဲဒီမှာပဲကွယ်လွန်သွားပါတယ်။ ဒလဆိုတာကတော့ အခုခေတ်တွံတေးမြို့နယ်ကျင် ဒေသပါပဲ။

ရွှေပွင့်မကျိုင်

မင်းသားသီဟသူနဲ့ ပတ်သက်လို့လည်း သတင်းစာဆရာဦးသိန်းဖေမောင်ရဲ့ ရာဇသင်္ကြန် စာအုပ်နိဂုံးအရ အင်္ဂလိပ်ခေတ် ၁၉၂၆-ခုနှစ်လောက်က ရှေးဟောင်း သုတေသနပညာရှင် နိုင်ငံခြားသားတစ်ဦးက ရာဇဝင်အိုးထဲထည့်ထားတဲ့ မင်းသားသီဟသူရဲ့ ရုပ်အလောင်းကို ရရှိသွားတယ်လို့ ရေးသားထားတာတွေ့ရပါတယ်။ ရုပ်အလောင်းကို ရာဇဝင်အိုးထဲထည့် အိတ်ထားပြီး အပေါ်ကအဖုံး လုံလုံခြုံခြုံ ဖုံးကာ ထားပြီး မြေကြီးထဲမှာ မြှုပ်ထားခဲ့ကြောင်းဆိုပါတယ်။ ဒါကို ရှေးဟောင်းသုတေသနပညာရှင်ကြီးက ရရှိသွားပြီး သူ့နိုင်ငံအပြန်မှာ ယူသွားခဲ့ပါသတဲ့။ သူ့ရဲ့နိုင်ငံပြန် ရောက်တဲ့အခါ မှန်လုံခေါင်းထဲထည့်ပြီး Prince Thi Ha Thu, Pagan Period, Burma(Myanmar) 1254 AD လို့ ရေးထိုးထားကြောင်းဆိုပါတယ်။ ဟုတ်မဟုတ်တော့ မသိရပါဘူး။

ရာဇသင်္ကြန်ဟာ နရသီဟပတေ့ကို ထီးနန်းရရှိစေခဲ့ပေမယ့် နရသီဟပတေ့ ဘုရင်ဖြစ်လာတော့ သူလဲ ဒလကို အပို့ခံရတာပါပဲ။ မွန်ဂိုရဲ့ မုဆ္ဆမနယ်တွေ မငြိမ်မသက်ဖြစ်ပြီး ထောင်ထားခြားနားတဲ့အခါကျမှ ရာဇသင်္ကြန်ကို ပြန်ခေါ်ပါတယ်။ ဒလရောက်နေတဲ့ ရာဇသင်္ကြန်ကို မှုံပြန်ခေါ်ပြီးမှ မုဆ္ဆမကို သွားတိုက်ခိုက်ပါတယ်။ အဲဒီတိုက်ပွဲ မှာ အနိုင်ရရှိခဲ့ပေမဲ့ အသက်(၆၂)နှစ်ရှိပြီဖြစ်တဲ့ ရာဇသင်္ကြန်ဟာ ဒလမှာပဲ ကွယ်လွန်သွားရှာပါတယ်။ ရာဇသင်္ကြန်ကွယ်လွန်တော့ မင်းမှူး ထမ်းသားနှစ်ဦး ကျန်ရစ်ပါတယ်။ အဲဒီသားနှစ်ဦးဟာ အစ္စာပူး

ညီအစ်ကိုတွေဖြစ်ပြီး မြန်မာရာဇဝင် မှာတော့ အုတ်လှကြီးနဲ့ အုတ်လှငယ်လို့အမည်တွင်ပါတယ်။

ရာဇသင်္ကြန်ကျယ်လွန်တော့ ညီအစ်ကိုနှစ်ယောက် ဖခင်ရဲ့ဘွဲ့အမည်ကို ဆက်ခံဖို့ အမွေလုကြပါသေးတယ်။

**မှန်နန်းရာဇဝင်မှာ-** ⌴⌴⌴

"အမတ်စစ်သူကြီး၏ အမည်ထင်ရှားခြင်းသည်ကား ဂုဏ်ကျေးဇူးသော အရင်းတည်း။ ယခုမင်းမတ်တို့ အဖအမည်ကို လုကြရာမှာ အဖအမည်ကို မပေးသာ။ အစ်ကို ပုဂံအုတ်လှကြီးကို အနန္တပစ္စည်း၊ ညီညောင်ဦး အုတ်လှငယ်ကို ရဋ္ဌပစ္စည်းဘွဲ့တပ်တော်မူ၏"လို့ ဖော်ပြထားတာတွေ့ရပါတယ်။ ဒါကြောင့် ရာဇသင်္ကြန်ကျယ်လွန်သွားပြီး နောက်ပိုင်းမှာ ဒီဘွဲ့ကို ဘယ်သူ့ကိုမှ မပေးအပ်တော့ဘူးလို့ ယုံကြည်ရပါတယ်။

အမတ်ကြီးရာဇသင်္ကြန်ရဲ့သားနှစ်ယောက်နဲ့ ပတ်သက်လို့ သားကြီး အုတ်လှကြီးခေါ် အနန္တပစ္စည်းရဲ့ အမည်ကိုတော့ မြန်မာကျောက်စာရော တရုတ် ခေတ်ပြိုင်မှတ်တမ်းတွေမှာပါ တွေ့ရှိရပါတယ်။ အနန္တပစ္စည်းဟာ နရသီဟပတေ့မင်း မြည်မြို့ အနောက်ဘက်လှည်းကျွအရပ်မှာ တရုတ်စစ်ကိုတိမ်းရှောင်နေစဉ်မှာပဲ စစ်ပြေငြိမ်းရေး ကိစ္စဆွေးနွေးဖို့ တကောင်းကို သွားရောက်ခဲ့ရပါတယ်။ ၁၂၈၅-ခုနှစ် ဒီဇင်ဘာလလောက်မှာပါ။ ၁၂၈၆-ခုနှစ်၊ ဇွန်လကုန်မှာ ဆရာတော်ရှင်ဒိသာပါမောက္ခ ဦးဆောင်ပြီး တရုတ်ပြည်ကို ငြိမ်းချမ်းရေးကိစ္စညှိနှိုင်းဖို့သွားစဉ်တုန်း အနန္တပစ္စည်း ထပ်ပါသွားပါသေးတယ်။

သူ့ကို တရုတ်မှတ်တမ်းက အပိလိယှိအန်(Apili hsiang)လို့ ခေါ်ပြီး ဆားလုပ်ငန်းကို အုပ်ချုပ်ကွပ်ကဲရတဲ့ ဆားတွင်း အမတ်လို့ ဆိုပါတယ်။ အုတ်လှုငယ်ခေါ် ရှုပစ္စည်း အကြောင်းတော့ ကျောက်စာတွေမှာ မတွေ့ရသေးပါဘူး။

❑❑❑

# တင်နိုင်တိုး

# ရာဇဝင်ထဲက အငြင်းပွားစရာများ

